# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၁၂ ရက်၊ သောကြာနေ့ | အတွဲ(၆၅)၊ အမှတ်(၂၅၀)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဓမ္မပဒ(ဓမ္မပဒ-၁၈၂)

## သစ်တောများနှင့် အပြာရောင် စီးပွားရေး

- ❖ ပင်လယ်သမုဒ္ဒရာနှင့် ကမ်းရိုးတန်းများတွင် သဘာဝသယံဇာတများကို ကာကွယ်ခြင်း၊ ပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်သော စီးပွားရေးလုပ်ငန်းများစွာကို စနစ်တကျအကောင်အထည်ဖော်ခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေမည့် အပြာရောင်စီးပွားရေး၏ အခြေခံအင်္ဂါရပ်တစ်ခုဖြစ်ပါသည်။
- ❖ သစ်တောများသည် အစိမ်းရောင်စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး သစ်ပင်သစ်တောများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအခြေခံသော သစ်တောကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများက အလေးထားဖော်ဆောင်လျက်ရှိသော စီးပွားရေးလုပ်ငန်းများဖြစ်သည်။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးကကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းမောင်နှင့်ဇနီး၊ ဒေါက်တာမောင်သင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) စာမျက်နှာ ၃ ကော်လံ ၁ ❍



## ယနေ့ မိုးလေဝသ (၁၂-၆-၂၀၂၆)

**နေပြည်တော်**

မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## သနပ်ပင်မြို့နယ်၌ စပါးခွံမြေဩဇာ ထုတ်လုပ်နည်းသရုပ်ပြ

သနပ်ပင် ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ယူသည့် တောင်သူများအား စပါးခွံဇီဝမီးသွေး(စပါးခွံဘိုင်အိုချာ) မြေဩဇာထုတ်လုပ်နည်း လက်တွေ့ပြသခြင်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။ စာမျက်နှာ ၃ ကော်လံ ၅ ✳



## ကူဝိတ်နိုင်ငံရောက် မြန်မာနိုင်ငံသားများ အကူအညီလိုအပ်ပါက မြန်မာသံရုံးသို့ ဆက်သွယ်နိုင်

ရန်ကုန် ဇွန် ၁၁

ကူဝိတ်နိုင်ငံတွင် လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပေါ်နေကြောင်း သတင်းများထွက်ပေါ်နေသည့်အတွက် မြန်မာနိုင်ငံသားများအနေဖြင့် သတိပြုနေထိုင်ကြရန် ကူဝိတ်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးမှ ဇွန်လ ၁၁ ရက်တွင် အသိပေးချက် ထုတ်ပြန်ထားသည်။ စာမျက်နှာ ၃ ကော်လံ ၅ ❂

## ဂျပန်ဘာသာစကား သင်ကြားရေးနည်းစနစ် အခမဲ့သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၁၁

"အသံထွက်ကို သင်ကြားပေးမယ်" ခေါင်းစဉ်ဖြင့် သင်ကြားရေးနည်းစနစ် အခမဲ့အွန်လိုင်း သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်း ဂျပန်ဖောင်ဒေးရှင်း ရန်ကုန် ဂျပန်ယဉ်ကျေးမှုစင်တာ (JFYG) မှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❇

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အဏုမြူရောင်ခြည်စက် ထပ်မံတပ်ဆင်ကာ လူနာများအား ဝန်ဆောင်မှုပေးမည်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အဏုမြူရောင်ခြည် SPECT-CT စက်သစ်တစ်လုံးကို ယခုနှစ်တွင်ထပ်မံတပ်ဆင်ကာ လူနာများအား ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် သိုင်းရွိုက်၊ အရိုး၊ ကျောက်ကပ်၊ ပါရာသိုင်းရွိုက်၊ အသည်းနှင့် သရက်ရွက်၊ သည်းခြေလမ်းကြောင်းနှင့် အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ရောဂါများကို အဏုမြူရောင်ခြည်ဆေးရည်ဖြင့် ရှာဖွေကုသပေးနေသည့်အပြင် စာမျက်နှာ ၂ ကော်လံ ၃ ●



## တောင်ငူမြို့ဟောင်းကျုံးအတွင်းရှိ သောင်များတူးဖော် ရေစီးရေလာကောင်းမွန်ရေး စတင်ဆောင်ရွက်

တောင်ငူ ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ကေတုမတီ တောင်ငူမြို့ဟောင်း တောင်ငူခေတ် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှေးဟောင်းကျုံးအတွင်းရှိ သောင်များတူးဖော်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပိတ်ဆို့နေမှုများ ရှင်းလင်းခဲ့သည်။ စာမျက်နှာ ၃ ကော်လံ ၁ ✳





## ဘားအံ၌ မိုးရာသီခရီးသွားမှုများပြားသဖြင့် တာဝန်သိခရီးသွားများဖြစ်လာစေရန် အသိပညာပေး

ရန်ကုန် ဇွန် ၁၁

မိုးရာသီခရီးသွားများ စိတ်ဝင်စားသည့် ဘားအံခရီးစဉ်သွားလာမှု မြင့်တက်လျက်ရှိရာ ကရင်ပြည်နယ်၏ သဘာဝအလှအပများ ရေရှည်တည်တံ့နိုင်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနိုင်ရေးနှင့် ဒေသခံပြည်သူများ လူမှုဘဝမြင့်မားရေးအတွက် တာဝန်သိခရီးသွားများ ဖြစ်လာစေရန် Tourism Hpa-An မှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❖

**ယနေ့ ဖတ်စရာ**

သုတေသနဌာနနှင့် တက္ကသိုလ်များတွင် နည်းပညာနှင့်တီထွင်ဆန်းသစ်မှု အထောက်အကူပြုစင်တာ(TISC) တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး စာမျက်နှာ ➢ ၄

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်အတွင်း ဓာတ်အားဆုံးရှုံးမှုများ သိသာစွာလျော့ကျသွားစေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးမေတ္တာရပ်ခံခြင်း စာမျက်နှာ ➢ ၁၃

# မလိုလားအပ်ဘဲ ပြည်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်ဂရုပြု

နိုင်ငံ့ဝန်ထမ်းများဆိုသည်မှာ မည်သည့် အစိုးရလက်ထက်၊ မည်သို့ မူဝါဒချမှတ်သည်ဖြစ်စေ အစိုးရ၏ မျှော်မှန်းချက်၊ မူဝါဒများနှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အကောင်အထည်ဖော် ဆောင်ရွက်ကြရသူများဖြစ်သည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည် ဖြစ်သည့် အလျောက် နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်းစီတိုင်း အရည်အသွေးမြင့်မားမည်၊ ကိုယ်ကျင့်တရားကောင်းမွန်မည်ဆိုပါက ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် (Good Governance) အဖြစ် ဝန်ထမ်းအဖွဲ့အစည်းနှင့်တကွ နိုင်ငံတော်အစိုးရကိုပါ အများပြည်သူက ယုံကြည်လေးစားကြမည်ဖြစ်သည်။

လက်ရှိအစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် တတိယမြောက် ဒီမိုကရေစီပြည်သူ့အစိုးရဖြစ်သည်။ အစိုးရ၏ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်စေရေးအတွက် အကောင်အထည်ဖော်ကြရသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ ပြည်သူများက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရတစ်ရပ်သည် ပြည်သူများ၏ကိုယ်စား နိုင်ငံအကျိုး၊ ပြည်သူများ၏ အကျိုးကို ဖော်ဆောင်နေကြခြင်းဖြစ်ရာ မိမိတို့၏ လုပ်ဆောင်မှုအရပ်ရပ်တို့မှာ ပြည်သူကို အလေးဂရုပြုကြရန်လိုသည်။

သို့ဖြစ်ရာ "ပြည်သူ့ဆက်ဆံရေး ကောင်းမွန်ရမည် ဖြစ်သကဲ့သို့ ဝန်ထမ်းများအချင်းချင်း ညီညွတ်မျှတစွာဖြင့် အထက်အောက် ကွပ်ကဲအုပ်ချုပ်သွားရန်လိုကြောင်း၊ ပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများအား ထုတ်ပြန်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း မလိုလားအပ်ဘဲ ပြည်သူတို့အပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်လည်း ဂရုပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ကောင်းစွာသိရှိ နားလည်နေရမည်ဖြစ်သကဲ့သို့ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လည်းလိုကြောင်း" ဇွန် ၉ ရက်တွင်ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က တက်ရောက် အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး လက်အောက်ရှိ ဝန်ထမ်းအဖွဲ့အစည်းများအနက် အချို့ဝန်ထမ်းအဖွဲ့အစည်းမှာ ပြည်သူနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံနေကြရခြင်းဖြစ်သည့်အလျောက် ၎င်းဌာနများမှ ဝန်ထမ်းများအားလုံး ပြည်သူ့ဆက်ဆံရေး ကောင်းမွန်ဖို့လိုသည်။ မိမိတို့၏တာဝန်ဖြစ်သည့် လုပ်ငန်းများကို ကျွမ်းကျင်ဖို့လိုသလို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ကောင်းစွာသိရှိနားလည်ရန်နှင့် မိမိတို့၏ဝန်ဆောင်မှုကို ရယူကြသည့် ပြည်သူတို့အပေါ် စေတနာကောင်းထားရှိကြရန်လည်းလိုသည်။ ဌာနတွင်းရှိ ဝန်ထမ်းများအားလုံး ဝန်ထမ်းကောင်းများအဖြစ် ပြည်သူ့အပေါ် တာဝန်ကျေပွန်ကြစေရန်မှာ ဌာနဆိုင်ရာ အကြီးအကဲက မျက်ခြည်မပြတ် ကွပ်ကဲမှုပေးနိုင်ရမည်လည်း ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ အမှာစကားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေးစစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများနှင့် စပ်လျဉ်း၍လည်းပါဝင်သည်။ လုံခြုံရေးစစ်ဆေးကြရာတွင် လုံခြုံရေးပိုင်းဆိုင်ရာအရ စစ်ဆေးကြပ်မတ်ခြင်းသာဖြစ်ရမည်ဖြစ်ပြီး ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် မှာကြားခြင်းဖြစ်ရာ လုံခြုံရေးတွင် မပေါ့ဆရန်၊ မလစ်ဟင်းရန် လိုအပ်မည်ဖြစ်သကဲ့သို့ ပြည်သူများအပေါ် ဖိစီးမှုမဖြစ်ရန်လည်း သတိမူကြဖို့လိုသည်။ "လုံခြုံရေးအရ၊ တရားမဝင်ကုန်စည်စီးဆင်းမှုနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတို့အရ စစ်ဆေးခြင်းများဆောင်ရွက်သည်ကို လက်ခံ၍ရသော်လည်း တရားမဝင် ငွေကြေးကောက်ခံခြင်းများ မဖြစ်ရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း" နိုင်ငံတော်သမ္မတက အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့ရာ လုံခြုံရေးတာဝန်ရှိသူများအနေဖြင့် မိမိတို့၏တာဝန်ကို လုပ်ပိုင်ခွင့် အခွင့်အာဏာအဖြစ်ရှုမြင်ပြီး အလွဲသုံးစားမပြုကြရန်၊ နိုင်ငံနှင့်ပြည်သူအပေါ် သစ္စာစောင့်သိကြရန် လိုသည်။

နိုင်ငံ့ဝန်ထမ်းများ၏ လာဘ်လာဘ ငွေကြေးမျှော်ကိုးလုပ်ဆောင်မှု၊ အဂတိလိုက်စားမှု၊ အကျင့်ပျက်မှု၊ မလျော်သြဇာသုံးစွဲမှု၊ ပြည်သူ့ဆက်ဆံရေး အားနည်းညံ့ဖျင်းမှု၊ လုပ်ငန်းစွမ်းဆောင်ရည် နိမ့်ကျမှုစသည်တို့က နိုင်ငံတော်အစိုးရ၏ ပုံရိပ်ကို ထိခိုက်ကျဆင်းစေသည်။ ယင်းကဲ့သို့သော ဝန်ထမ်းများတည်ရှိနေခြင်းက ရေရှည်တွင် ပြည်သူလူထုအနေဖြင့် ဝန်ထမ်းကိုကျော်လွန်၍ အစိုးရအပေါ် အားနည်းညံ့ဖျင်းမှုအဖြစ် ရှုမြင်လာမည်ဖြစ်သည်။ လုံခြုံရေးတာဝန်၊ တရားမဝင် ကုန်သွယ်မှုများ တားဆီးကြရမည့်တာဝန်၊ တရားမဝင် လူဝင်လူထွက်မှုများ စစ်ဆေးရမည့်တာဝန် စသည်တို့ကို ယူထားကြရသည့် ဝန်ထမ်းများ၏ တာဝန်များမှာလည်း နိုင်ငံအတွက် သေရေးရှင်ရေးတမျှ လွန်စွာအရေးကြီးသည်ဖြစ်ရာ မိမိတို့၏ တာဝန်များ ကျေပွန်ရေးနှင့် ပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး အလေးထားထမ်းဆောင်သွားကြရပါမည့်အကြောင်း။ ။



## (၁၁-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၆ ~ ၃၆၆၅.၇ | ၅၅၇.၅ – ၅၅၇.၇ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၉,၂၁၆,၂၅၀.၅၇ | ၆,၄၅၇,၈၁၈.၆၉ | ၇၈,၈၈၈,၀၆၇.၉၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေသြဇာ၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဂျုံ ၊ ကားအပိုပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၂၉ သန်းကိုလည်းကောင်း ၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

● *ရှေ့ဖုံးမှ*

ကင်ဆာရောဂါဆိုင်ရာ ရှာဖွေစမ်းသပ်ခြင်းများကိုလည်း အဆင့်ဆင့် ဆောင်ရွက်ပေးလျက်ရှိသည်။

အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရာတွင် ခေတ်မီစက်ကြီးနှစ်မျိုးဖြစ်သည့် SPECT-CT စက်နှင့် PET-CT စက်ကို အဓိကထားအသုံးပြုပြီး ရောဂါအမျိုးအစားအလိုက် ခွဲခြားရှာဖွေပေးလျက်ရှိသည်။

SPECT-CT စက်သည် အဏုမြူရောင်ခြည်ဆေးရည်ကို အသုံးပြုကာ အရိုး၊ ကျောက်ကပ်၊ သိုင်းရွိုက်၊ ပါရာသိုင်းရွိုက်နှင့် အသည်းရောဂါများကို ရှာဖွေပေးလျက်ရှိပြီး PET-CT စက်သည် ကင်ဆာရောဂါရှာဖွေရာတွင် အဓိကအသုံးပြုဆောင်ရွက်ပေးလျက်သည်။ အဆိုပါဆေးရည်ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ Cyclotron စက်ကြီးဖြင့် ကိုယ်တိုင်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ရောဂါကုသရေးအပိုင်းတွင် ပြင်ပလူနာနှင့် အတွင်းလူနာဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး နေ့စဉ်ရုံးဖွင့်ရက်တိုင်းတွင် နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းအချိန်ဟူ၍ နှစ်ကြိမ်ခွဲခြားကြည့်ရှုကုသပေးလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်အတွင်း အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနမှ SPECT-CT စက်ဖြင့် ရောဂါရှာဖွေခြင်း ၃၀၀၀၊ PET-CT စက်ဖြင့် ရောဂါရှာဖွေခြင်း ၆၅၀ နှင့် အဏုမြူရောင်ခြည်ဆေးဖြင့် ရောဂါကုသခြင်း ၇၅၀ တို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၂၆ ခုနှစ်အတွင်း လူနာများအား ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် SPECT-CT စက်သစ်တစ်လုံးကို ထပ်မံတပ်ဆင်ကာ ရောဂါရှာဖွေခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင်အဆိုပါဌာနသည် ရောဂါရှာဖွေကုသခြင်းများအပြင် ဆေးပညာလောကအတွက် အဏုမြူရောင်ခြည်ဆေးပညာရှင်များကိုလည်း ဆက်လက်မွေးထုတ်ပေးလျက်ရှိရာ အဏုမြူရောင်ခြည် မဟာသိပ္ပံသင်တန်းတွင် နှစ်စဉ် မဟာသင်တန်းသားသုံးဦးမှ ငါးဦးအထိ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။ **TWA**

**၁၁ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ – ၆ – ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၀၀ | ၄၀၅၅ | ၄၀၀၀ | ၃၈၉၅ | ၄၀၅၅ | ၄၀၇၀ | ၄၁၁၀ | ၃၉၇၅ | ၄၁၁၀ | ၄၄၁၀ | ၃၉၉၅ | ၄၁၂၅ | ၄၀၉၀ | ၄၀၄၅ | ၄၀၅၅ | ၄၂၇၅ |
| 95 Ron | ၃၉၁၅ | ၄၀၉၀ | ၄၀၃၅ | ၃၉၃၅ | ၄၀၉၀ | ၄၁၀၅ | ၄၁၄၅ | ၄၀၀၀ | ၄၁၄၅ | ၄၄၄၅ | ၄၀၃၀ | ၄၂၀၀ | ၄၁၃၀ | ၄၀၈၅ | ၄၀၉၀ | ၄၃၃၀ |
| HSD (500 ppm) | ၃၉၉၅ | ၄၁၆၀ | ၄၁၀၅ | ၄၀၀၀ | ၄၁၆၀ | ၄၁၇၅ | ၄၂၁၅ | ၄၀၈၀ | - | ၄၅၀၀ | ၄၁၀၀ | ၄၄၉၀ | ၄၁၉၅ | ၄၁၅၀ | ၄၁၆၀ | ၄၃၇၀ |
| HSD (50 ppm) | ၄၈၀၀ | ၄၉၇၀ | ၄၉၁၅ | ၄၈၀၅ | ၄၉၇၅ | ၄၉၈၅ | ၅၀၃၀ | ၄၈၉၀ | ၅၀၃၀ | ၅၃၂၅ | ၄၉၁၅ | ၅၀၉၅ | ၅၀၀၀ | ၄၉၆၅ | ၄၉၇၀ | ၅၁၉၀ |
| HSD (10 ppm) | ၄၈၀၀ | ၄၉၇၀ | ၄၉၁၅ | ၄၈၀၅ | ၄၉၇၅ | ၄၉၈၅ | ၅၀၃၀ | ၄၈၉၀ | | ၅၃၂၅ | ၄၉၁၅ | ၅၀၉၅ | ၅၀၀၀ | ၄၉၆၅ | ၄၉၇၀ | ၅၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၇၀ | ၃၇၇၈ |
| 95 Ron | ၃၇၀၅ | ၃၈၁၃ |
| HSD (500 ppm) | ၃၇၉၂ | ၃၈၉၈ |
| HSD (50 ppm) | ၄၅၆၀ | ၄၆၈၁ |
| HSD (10 ppm) | ၄၅၆၀ | ၄၆၈၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** – ဟန်လင်းအောင်
**စာတည်းမှူး** – ခင်ရတနာ
**စာတည်းများ** – ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
**ဘာသာပြန်စာတည်း** – ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
**သုတေသန** – အိအိခင်နှင့် အဖွဲ့
**စာပြင်** – ဇော်မင်းသန်းနှင့် အဖွဲ့
**အကြီးတန်း သတင်းထောက်များ** – ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
**ဓာတ်ပုံသတင်းထောက်** – တင်စိုး
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** – သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** – (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** – (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

○ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ တပ်မတော် အဆင့်မြင့်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လှဲ့လှဲ့သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Natalia Nefedova၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ နိုင်ငံတော်သီချင်းများဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးယာယီတာဝန်ခံက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ သိပ္ပံပညာဆိုင်ရာ အောင်မြင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာရေးရာအခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုကို ပြသသည်။

**ညစာအတူတကွသုံးဆောင်**

ဆက်လက်၍ ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်သည်။ ညစာသုံးဆောင်နေစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ၊ ဆရာမကြီးများအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် နေပြည်တော်စာပေဝိုင်း၏ နာယကအဖွဲ့ဝင် စာရေးဆရာ ဦးကြည်သိန်း (ကဖိုးကျင်) ဦးဆောင်သည့် စာရေးဆရာ၊ ဆရာမကြီးများအား ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေးကျင်းပနေမှု၊ လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့စဉ်လှုပ်ရှားမှုများကို ပြည်သူများပိုမိုသိရှိနိုင်စေရန် ဆောင်ရွက်နေမှု၊ ဥပဒေပြုလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာ၊ ဆရာမကြီးများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## တီးတိန်မြို့၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပြိုင်ပွဲများ ကျင်းပ

**ဟားခါး ဇွန် ၁၁**

၂၀၂၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းချမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယနေ့တွင် တီးတိန်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှု အားပေးသည်။



ဆက်လက်၍ အသက် (၁၀) နှစ်နှင့် အသက် (၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ပြုလုပ်ပေးသော နိုင်ငံသားစိစစ်ရေးကတ်များကို ကျောင်းသား ကျောင်းသူများထံသို့ ပေးအပ်ခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

✻ *ရှေ့ဖုံးမှ*

ထိုသို့ဆောင်ရွက်ရာတွင် တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့မှ အနီးကပ်ကြီးကြပ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အနောက်ဘက်ရေးဟောင်းကျုံးအတွင်းရှိ သဲ၊ မြေ သောင်များ တူးဖော်ခြင်း၊ ကျုံးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ် (၁၇) ရပ်ကွက်၊ ကန်လမ်းကျုံးရှိ ပိတ်ဆို့နေမှုများကို တူးဖော်ခြင်းနှင့် ကျုံးအတွင်းပိတ်ဆို့နေမှုများ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဒုတိယမြန်မာနိုင်ငံတော် တောင်ငူမင်းဆက်များ၏ မြို့ရိုး၊ မြို့ဝင်ပေါက်တံခါးများ၊ ရေကျုံး၊ နန်းကျုံး၊ နန်းတော်ရာနှင့် ရှေးဟောင်းစေတီပုထိုးများကို စနစ်တကျ ပြန်လည်တူးဖော် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တောင်ငူဒေသဖွံ့ဖြိုးတိုးတက်လာ၍ ရှေးဟောင်းမြို့တော်အတွင်း ခရီးသွားလုပ်ငန်းများဖြင့် နိုင်ငံအနှံ့နှင့် နိုင်ငံတကာမှ ခရီးသည်များ ဝင်ရောက်လာပြီး ဟိုတယ်လုပ်ငန်းကြီးများနှင့်အတူ ဒေသခံမြို့သူမြို့သားများ၏ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

❂ *ရှေ့ဖုံးမှ*

နိုင်ငံအတွင်းနှင့် ဒေသတွင်းဖြစ်ပေါ်နေသော အခြေအနေများနှင့် သက်ဆိုင်သည့် နောက်ဆုံးရသတင်းများကို ကူဝိတ်အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များနှင့် ယုံကြည်စိတ်ချရသည့် သတင်းအရင်းအမြစ်များမှ ဆက်လက်စောင့်ကြည့်ကြရန် မြန်မာသံရုံးက အကြံပြုတိုက်တွန်းထားပြီး မြန်မာနိုင်ငံသားများအနေဖြင့် စစ်ရေး၊ လုံခြုံရေးဆိုင်ရာ တည်နေရာများ၊ ကာကွယ်ရေးလုပ်ဆောင်နေမှုများ၊ လုံခြုံရေးပြင်ဆင်မှုများနှင့် သက်ဆိုင်သည့် ဓာတ်ပုံများ၊ ဗီဒီယိုများကိုရိုက်ကူးခြင်း သို့မဟုတ် ဖြန့်ဝေခြင်းကို ရှောင်ကြဉ်ကြရန်အပါအဝင် ထိုအပြုအမူများမှာ အများပြည်သူ၏ အကျိုးစီးပွားကိုထိခိုက်စေနိုင်သဖြင့် ကူဝိတ်အာဏာပိုင်များက ယင်းလုပ်ရပ်များကို ဥပဒေအရအရေးယူမည်ဖြစ်ကြောင်း သတိပေးထားကြောင်းကိုလည်း ထပ်ဆင့်အသိပေးထုတ်ပြန်ထားသည်။

ကောင်စစ်ဆိုင်ရာ အရေးပေါ်အကူအညီများ လိုအပ်ပါက Mobile: 65840789,60395031 ၊ Whatsapp's Number နှင့် Email: consularmekuwait@gmail.com သို့ ဆက်သွယ်နိုင်ကြောင်းလည်း သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

**MT**

❖ *ရှေ့ဖုံးမှ*

ကရင်ပြည်နယ်သည် သဘာဝအလှအပများ၊ စေတီပုထိုးများဖြင့် သဘာဝခရီးသွားများကို ဆွဲဆောင်ရာ ဒေသတစ်ခုဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရေးအတွက် ခရီးသည်များအနေဖြင့် အမှိုက်စွန့်ပစ်ခြင်းအပါအဝင် သဘာဝအရင်းအမြစ်များ၊ တောရိုင်းတိရစ္ဆာန်များနှင့် သမိုင်းဝင်အမွေအနှစ်များ မထိခိုက်စေရေး ရှောင်ကြဉ်ကြရန် အသိပေးထားသည်။

ထို့ပြင် တစ်ခါသုံးပလတ်စတစ်အိတ်များ သုံးစွဲခြင်းကို လျှော့ချပြီး ဒေသတွင်း သဘာဝထုတ်ကုန်များကို သုံးစွဲကြရန်၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လေးစားလိုက်နာရန်၊ အများပြည်သူသုံး နေရာများနှင့် ခရီးသွားဆွဲဆောင်ရာ နေရာများတွင် စည်းကမ်းတကျ ပြုမူနေထိုင်ရန်၊ ကရင်ပြည်နယ် ခရီးစဉ်ဒေသများသည် သက်သတ်လွတ်သာသနာ့နယ်မြေများဖြစ်၍ အရက်သေစာသောက်စား မူးယစ်လည်ပတ်ခြင်း မပြုကြရန်နှင့် ကန့်သတ်နယ်မြေနှင့် တားမြစ်နေရာများသို့ လည်ပတ်ခြင်းမပြုကြရန်လည်း နှိုးဆော်အသိပေးထားသည်။

**MT**

✻ *ရှေ့ဖုံးမှ*

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းမင်းထွန်းက စပါးခွံဇီဝမီးသွေး (စပါးခွံဘိုင်အိုချာ) မြေဩဇာပြုလုပ်ရာတွင် စပါးခွံများအား မည်းသွားရုံသာ အပူပေးရမည့် လုပ်နည်းအဆင့်ဆင့်၊ လိုအပ်သည့် ပစ္စည်းထည့်သွင်းအသုံးပြုရန် နှုန်းထားများ၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေးရှင်းလင်းပြောကြားကာ စပါးခွံဇီဝမီးသွေး မြေဩဇာပြုလုပ်ပုံအဆင့်ဆင့်ကို တောင်သူများအား လက်တွေ့ပြသခဲ့သည်။

စပါးခွံဇီဝမီးသွေး (စပါးခွံဘိုင်အိုချာ) မြေဩဇာ ပြုလုပ်နည်းလက်တွေ့သရုပ်ပြခြင်းကို မြို့နယ်စိုက်ပျိုးရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက ကြည့်ရှုအားပေးကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သဘာဝမြေဆွေးပုံများ ပြုလုပ်သုံးစွဲရန်၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ သက်တမ်းတို အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးရန်နှင့် တစ်ပိုင်တစ်နိုင် ဟင်းသီးဟင်းရွက်စိုက်ခင်းတိုးချဲ့စိုက်ပျိုးရန် ဒေသခံတောင်သူများအား ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ ဆက်)**

❊ *ရှေ့ဖုံးမှ*

အဆိုပါ သင်တန်းတွင် စာသင်သားများအတွက် ဂျပန်ဘာသာစကား အသံထွက်လေ့လာခြင်းဆိုင်ရာ ပညာရပ်များနှင့် လေ့ကျင့်သင်ကြားနည်းများကို လေ့လာနိုင်မည်ဖြစ်ပြီး အသံထွက်ပိုင်း လေ့ကျင့်ပေးခြင်းကို စိတ်ပါဝင်စားသူ ဆရာ၊ ဆရာမများ တက်ရောက်နိုင်ကြောင်း သိရသည်။

သင်တန်းကာလမှာ ဇွန် ၂၆ ရက်မှ ဇူလိုင် ၂၄ ရက်အထိ တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် လူဦးရေ ၃၀ ကို အွန်လိုင်းမှတစ်ဆင့် သင်ကြားပေးမည်ဖြစ်ကာ https://forms.cloud.microsoft/r/gPndA89bXQ?origin=lprLink တွင် ဇွန် ၁၇ ရက် နောက်ဆုံးထား ဝင်ရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

**MT**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# သုတေသနဌာနနှင့် တက္ကသိုလ်များတွင် နည်းပညာနှင့်တီထွင်ဆန်းသစ်မှု အထောက်အကူပြုစင်တာ(TISC) တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇွန် ၁၁**

နည်းပညာနှင့် တီထွင်ဆန်းသစ်မှုအထောက်အကူပြုစင်တာ (Technology and Innovation Support Center-TISC) တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ -၂ ၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအံ့၊ ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားတွင် ဦးစီးဌာန ၅ ခု၊ တက္ကသိုလ် ၃၀ တို့ဖြင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊ သုတေသနဌာနနှင့် တက္ကသိုလ်များတွင် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုအထောက်အကူပြုစင်တာ(TISC) တည်ထောင်ခြင်းဖြင့် နည်းပညာနှင့်ပတ်သက်သော သတင်းအချက်အလက်များ လွယ်ကူစွာရရှိနိုင်ခြင်း၊ နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ ထိရောက်စွာသုံးစွဲနိုင်ခြင်းနှင့် တီထွင်ဖန်တီးမှုများတွင် အသုံးချနိုင်ခြင်း၊ တီထွင်ဖန်တီးမှုများကို မြှင့်တင်ပေးနိုင်ခြင်း၊ တီထွင်ဆန်းသစ်မှုများကို လှုံ့ဆော်ပေးခြင်းနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆန်းသစ်တီထွင် မြန်ပြည်တစ်ခွင် မူပိုင်ခွင့်ဖြင့် တို့မြှင့်တင် Documentary ကို ပြသပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြကာ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Innovation and IP ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တီထွင်ဆန်းသစ်မှု မြှင့်တင်စေမည့် TISC ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပပြီး သက်ဆိုင်ရာဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးညီညီ အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ

**တောင်ကြီး ဇွန် ၁၁**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ ဘက်စုံသုံးခန်းမ၌ အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးက ကျောင်း၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြ၍ ဝန်ထမ်းများက အထွေထွေဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)ရှိ ရေကူးကန်၊ ဘော်လီဘောလေ့ကျင့်ရေးရုံနှင့် ပိုက်ကျော်ခြင်း လေ့ကျင့်ရေးရုံ၊ လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ပြေးခုန်ပစ်အားကစားကွင်းနှင့် ဘောလုံးအားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရွှေညောင်မြို့ အားကစားကွင်း၌ အသစ်ဆောက်လုပ်ပြီးဖြစ်သည့် အားကစားရုံနှင့် အားကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး ကလောမြို့နယ်မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အထွေထွေတင်ပြမှုများအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ဘောလုံးသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မင်းသန့်(ပြန်/ဆက်)**

## မြေပြဿနာကော်မတီ၏ (၄၇)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၁**

မြေပြဿနာကော်မတီ၏ (၄၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြေပြဿနာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက အမှာစကားပြောကြားပြီး မြေပြဿနာကော်မတီ တွဲဖက်အတွင်းရေးမှူး က (၄၇) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြရာ မြေပြဿနာကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အကြောင်းအရာတစ်ခုချင်းအပေါ် စိစစ်ဆွေးနွေးဆောင်ရွက်ကြသည်။

စားရေရိက္ခာ ဖူလုံရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများ သုံးစွဲနိုင်ကြစေရန် မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့၏ ထောက်ခံချက်ဖြင့် မြေဩဇာကော်မတီ အစည်းအဝေးများက မြေဩဇာမှတ်ပုံတင် လက်မှတ်များ စိစစ်ခွင့်ပြုပေးလျက်ရှိရာ (၄၆) ကြိမ်မြောက် အစည်းအဝေးအထိ မှတ်ပုံတင်လက်မှတ်ပေါင်း ၁၃၅၀၆ စောင် ခွင့်ပြုပေးနိုင်ခဲ့ကြောင်း၊ ကာယကံရှင်၏ တင်ပြချက်အရ ပယ်ဖျက်မှု ၂၆၀၇ စောင်နှင့် သက်တမ်းကျော်လွန်ခြင်းကြောင့် ဌာနကဖျက်သိမ်းခဲ့ရသည့် ၂၉၆၃ စောင်ရှိသဖြင့် နိုင်ငံတစ်ဝန်း၌ ယနေ့ထိ မြေဩဇာမှတ်ပုံတင် ၈၁၃၆ စောင်ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းနှင့်ပတ်သက်၍ အခကြေးငွေ လိမ်လည်တောင်းခံမှုများအား သတိပြု

**ရန်ကုန် ဇွန် ၁၁**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများနှင့်ပတ်သက်၍ မသမာသူများ၏ လိမ်လည်လှည့်ဖြားမှုများအား သတိပြုရှောင်ကြဉ်နိုင်ရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ကြေညာထားသည်။

လတ်တလောကာလတွင် အများပြည်သူ၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းအပေါ် စိတ်ဝင်စားမှုမြင့်တက်ခြင်းကို အခွင့်ကောင်းယူ၍ လူမှုကွန်ရက်များပေါ်တွင် "အောင်စာရင်းနှင့် အမှတ်စာရင်းများကို ကြိုတင်ကြည့်ရှုပေးမည်" ဟူသော ဆွဲဆောင်မှုများဖြင့် အခကြေးငွေလိမ်လည်တောင်းခံနေသည့် မသမာသူများကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

မသမာသူများသည် အစပိုင်းတွင် "ပညာဒါနအဖြစ် အခမဲ့ကြည့်ရှုပေးမည်" ဟု ဆွဲဆောင်ကာ စာမေးပွဲဖြေဆိုသူများ၏ ခုံအမှတ်များကို ရယူကြပြီး "စာမေးပွဲကျရှုံးသဖြင့် ငွေပေးပါက အောင်မြင်အောင် ဆောင်ရွက်ပေးမည်" သို့မဟုတ် "ဂုဏ်ထူးရရှိအောင် လိုက်လံဆောင်ရွက်ပေးမည်" ဟုဆိုကာ ငွေကြေးများလိမ်လည်တောင်းခံလျက်ရှိကြောင်း သိရသည်။

ထို့ပြင် လိမ်လည်မှုပုံစံတစ်ခုမှာ လူမှုကွန်ရက်အကောင့်အတုများ




အသုံးပြုကာ မူရင်းလိမ်လည်မည့်အကောင့်ကို တိုက်ရိုက်မကြော်ငြာဘဲ အခြားအကောင့်တစ်ခုမှ "မိမိဆွေမျိုးများ၏ အောင်စာရင်းကို ကြည့်ရှုပေးသည့် ဆရာဖြစ်ကြောင်း" လမ်းညွှန်အပ်နှံသွင်း၍ အဆင့်ဆင့်လိမ်လည်လှည့်ဖြားလျက်ရှိပြီး ထိုသို့အောင်စာရင်းကို အကြောင်းပြလိမ်လည်မှုများ နှစ်စဉ်ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။ လက်ရှိတွင် အောင်စာရင်းကြည့်ရှုနိုင်သည်ဟုဆိုကာ ပျံ့နှံ့နေသော Application များအားလုံးသည် ပြင်ပမှ အလွတ်သဘောရေးဆွဲထားသော အက်ပလီကေးရှင်းများသာဖြစ်ပြီး အချက်အလက်တိကျမှန်ကန်စွာ ကြည့်ရှုနိုင်ခြင်း ရှိ/မရှိအတွက် အာမခံချက်လုံးဝမရှိသည့်အပြင် မိမိတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံမှုဆိုင်ရာ အန္တရာယ်များရှိနိုင်သဖြင့် အထူးသတိပြုဆင်ခြင်ကြရန်နှင့် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထုတ်ပြန်ရာတွင်လည်း မိမိတို့၏ ခုံအမှတ်ဖြင့် တိုက်ရိုက်ရှာဖွေကြည့်ရှုနိုင်မည့်စနစ်ကို https://result.dme.gov.mm ဝက်ဘ်ဆိုက်တွင် လွှင့်တင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ စနစ်တကျထိန်းသိမ်းဆောင်ရွက်ထားရှိမှုအရ အများပြည်သူသို့ တရားဝင်တစ်ပြိုင်တည်း ထုတ်ပြန်ကြေညာခြင်းမပြုမီ အောင်စာရင်းများကြိုတင်ပေါက်ကြားရန် လုံးဝ (လုံးဝ) ဖြစ်နိုင်ခြေမရှိ၍ "အောင်စာရင်း ကြိုတင်ကြည့်ရှုပေးမည်" ဟူသော ပြောဆိုချက်များသည် ရာနှုန်းပြည့်လိမ်လည်လှည့်ဖြားခြင်းသာဖြစ်ကြောင်း မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အထူးသတိပြုကြရန်နှင့် မိမိတို့၏ အယုံလွယ်မှုကြောင့် မသမာသူများ၏ လိမ်လည်မှုများတွင် နစ်နာဆုံးရှုံးမှုမရှိစေရေး သတိပြုဆင်ခြင်စောင့်ကြည့်ကြရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ အသိပေးနှိုးဆော်ထားသည်။

**MT**

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၁**
နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးနှင့် ဇနီးသည် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇွန် ၁၁**
ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များကို အခြေခံပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ၊ ပြည်ပတင်ပို့သည့် စက်မှုလုပ်ငန်းများ၊ အလားအလာရှိသော စက်မှုလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် လည်ပတ်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်စေလိုကြောင်း၊ မြို့နယ်အလိုက် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး MSME ပြပွဲ၊ ပြိုင်ပွဲများကို လုပ်ငန်းရှင်များ၊ အသင်းဝင်များနှင့် ပေါင်းစပ်၍ ကျင်းပဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# ပဲခူးမြို့၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကျင်းပ

**ပဲခူး ဇွန် ၁၁**
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကရင်ယဉ်ကျေးမှုအဖွဲ့၊ အရှိုချင်းယဉ်ကျေးမှုအဖွဲ့၊ မွန်ယဉ်ကျေးမှုအဖွဲ့၊ ရှမ်းယဉ်ကျေးမှုအဖွဲ့နှင့် ပအိုဝ်းယဉ်ကျေးမှုအဖွဲ့တို့မှ တာဝန်ခံများက ရိုးရာယဉ်ကျေးမှုဆိုင်ရာ စာတမ်းများ ဖတ်ကြားကြပြီး ကရင်ယဉ်ကျေးမှုအဖွဲ့၊ အရှိုချင်းယဉ်ကျေးမှုအဖွဲ့၊ မွန်ယဉ်ကျေးမှုအဖွဲ့၊ ရှမ်းယဉ်ကျေးမှုအဖွဲ့နှင့် ပအိုဝ်းယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က စာတမ်းရှင်များနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် ခင်းကျင်းပြသထားသော တိုင်းရင်းသားရိုးရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇွန် ၁၁**
နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်း သာယာရေးအတွက် ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ဇွန် ၁၀ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် သထုံမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



**အောင်သပြေခက်များဖြင့်ကြိုဆို**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကဝမြို့နယ်၌ အမျိုးသမီးကဏ္ဍမြှင့်မားရေး အသိပညာပေးဟောပြော

**ကဝ ဇွန် ၁၁**
ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ကြီးမှူး၍ Gender, CEDAW, NSPAW နှင့်UNSCR 1325 အကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချို့နွယ်ဦးက ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**



**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက်နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပြီး အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ **တာချီလိတ်မြို့နယ်အတွင်း ရေကြီးရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ် တားဆီးနိုင်ရေး လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေမှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က တာချီလိတ်မြို့နယ်အတွင်း ရေကြီးရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ဆောင်ရွက်ဆဲ လုပ်ငန်းများအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပုန်းထွန်ရပ်ကွက်၊ ရန်အောင်မြေရပ်ကွက်၊ မယ်ခေါင်ရပ်ကွက်နှင့် မကာဟိုခမ်းရပ်ကွက်တို့တွင် လမ်းဖြတ်တံတား ၁၄ စင်းနှင့် အုတ်စီရေမြောင်းပြုလုပ်ခြင်း လုပ်ငန်း ၅ ခု ၂၁၃၆ ပေကို လျာထား ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် မယ်ဆိုင်ချောင်းတစ်လျှောက် ကျောက်ရိုးအမြင့် မြှင့်တင်ရန်နှင့် ကျောက်ရိုးများကို အားဖြည့်တည်ဆောက်ရန် နေရာ ၆ နေရာ၊ ရေလျှံတားနံရံအသစ် တည်ဆောက်ရန်လိုအပ်သည့် နေရာ ၈ နေရာတို့တွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်လျာထားပြီး ရေလျှံတားနံရံတည်ဆောက်ခြင်း လုပ်ငန်းများကို မိုးရာသီအလွန် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မယ်ဆိုင်ချောင်းတစ်လျှောက် ဆောင်ရွက်ရန် ကျန်ရှိနေသော ရေကာနံရံ ပေ ၂၄၅၀ နှင့် ရေစုရေထိန်းကန် သုံးနေရာတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာ အောင်ကြီး၏ **နေပြည်တော်ကောင်စီနယ်မြေတွင် မီတာဖြင့် သုံးစွဲရသည့် အငှားယာဉ်(TAXI) ပြေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်မြို့တွင်း စင်းလုံးငှားယာဉ်(TAXI)အနေဖြင့် စည်ပင်ဧည့်ရိပ်သာ ၂ ရှေ့ EV Station နေရာနှင့် သပြေကုန်းဈေး EV Stationနေရာတွင် EV TAXI များကို နေ့စဉ် On Call စနစ်ဖြင့် ယာဉ်စီးခနှုန်းထား သတ်မှတ်၍ ပြေးဆွဲခြင်းကို ၂၀၂၄ ခုနှစ်မှ စတင်ပြေးဆွဲလျက်ရှိပြီး နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် ၂၇ စီးနှင့် ပုဂ္ဂလိက တစ်ဦးချင်းပိုင် ၉ စီးတို့ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အတွင်း အငှားယာဉ် TAXI များ လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂလိကယာဉ်ပိုင်ရှင်များနှင့် ကုမ္ပဏီများက မြို့တွင်းခရီးစဉ်များ ပြေးဆွဲခွင့်လျှောက်ထားပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **တရားဝင်အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ထားသော ပရဟိတအသင်းအဖွဲ့များရှိ လိုင်စင်မဲ့မော်တော်ကားများအား အခွန်ငွေသတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင် လိုင်စင်ထုတ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ၂၀၁၄ ခုနှစ်တွင် လူမှုရေးအသင်းအဖွဲ့များတွင် အသုံးပြုနေသော မှတ်ပုံတင်မဲ့ယာဉ်များ တရားဝင်မှတ်ပုံတင်ခြင်းကို ၁၉-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တိုင်းဒေသကြီး / ပြည်နယ်အစိုးရအဖွဲ့များ ကြီးကြပ်ပြီး One Stop Service အဖွဲ့များ ဖွဲ့စည်း၍ ၇-၇-၂၀၁၄ ရက်နေ့မှ ၃၁-၇-၂၀၁၄ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထိုသို့ ပူးပေါင်းအဖွဲ့များဖြင့် One Stop Service စီမံချက်ဆောင်ရွက်ပေးခဲ့ရာ စီမံချက် မတိုင်မီက တရားဝင်မှတ်ပုံတင်ထားသည့် လူမှုရေးအသင်းအဖွဲ့ ၅၈ ဖွဲ့သာရှိရာမှ စီမံချက်ကာလ ရက်သတ္တပတ် ၄ ပတ်ခန့်အတွင်း တရားဝင်မှတ်ပုံတင်လာသည့် အသင်းအဖွဲ့ပေါင်း ၁၇၆၅ ဖွဲ့သို့ တိုးပွားလာခဲ့ပြီး စီမံချက်မတိုင်မီ မှတ်ပုံတင်ထားသော နိဗ္ဗာန်ယာဉ် ၁၁၄ စီးသာ ရှိခဲ့ရာမှ စီမံချက်ကာလအတွင်း စုစုပေါင်း ၄၉၈၅ စီးအထိ တိုးမြှင့်လာခဲ့ပါကြောင်း၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်ပမှ တရားဝင် တင်သွင်းလာသည့် လူနာတင်ယာဉ်နှင့် နိဗ္ဗာန်ယာဉ်များကို သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဖော်ပြချက်နှင့်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ အခွန်အကောက်ကင်းလွတ်ခွင့်ပြုကြောင်း စာရွက်စာတမ်းများအား စိစစ်ပြီး ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကောက်ခံခြင်းမပြုဘဲ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ တရားမဝင် ရောက်ရှိနေသော မော်တော်ယာဉ်များသည် ဖော်ပြပါအထောက်အထားများ တင်ပြနိုင်ခြင်း မရှိပါသဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေး၍ မရပါကြောင်း ပြန်လည်ဖြေကြားသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် (၂၄) နာရီပတ်လုံး ဖုန်းလိုင်းများ ဆက်သွယ်နိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က သီပေါမြို့နယ်တွင် လက်ရှိအချိန်၌ MPT၊ ATOM ၊ U9 နှင့် Mytel မှ မိုဘိုင်းစခန်း ၉၂ ခုဖြင့် မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါဝန်ဆောင်မှုပေးလျက်ရှိသည့် မိုဘိုင်းစခန်း ၉၂ ခုအနက် ၇၂ ခုတွင် ၂၄ နာရီ လုပ်ငန်းလည်ပတ်နိုင်သည့်အတွက် အချိန်ပြည့်ဝန်ဆောင်မှုပေးလျက်ရှိပြီး ကျန်မိုဘိုင်းစခန်း ၂၀ မှာ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် စက်သုံးဆီရရှိမှု အခြေအနေများအရ ပုံမှန်လည်ပတ်နိုင်ခြင်း မရှိသေးပါကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများ ပုံမှန်ပြန်လည်ရရှိပါက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အချိန်ပြည့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ **မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စုရှိ ရွာ ၆ ရွာတွင် ဖုန်းဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် မိုင်းယန်းမြို့နယ်တွင် MPT ၊ U9 နှင့် Mytel တို့မှ စုစုပေါင်း မိုဘိုင်းစခန်း ၈ ခုကို တည်ဆောက်ထားရှိပြီး မိုင်းယန်းမြို့ရှိ အချို့သောကျေးရွာများသို့ဆက်သွယ်ရေး ကွန်ရက် လွှမ်းခြုံမှုရှိအောင်ဆောင်ရွက်ထားပါကြောင်း၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စုရှိ ကျေးရွာ ၆ ရွာတွင် လျှပ်စစ်ဓာတ်အား မရရှိနိုင်မှု၊ အဝေးဆက်သွယ်ရေး ဆက်ကြောင်းများ တည်ဆောက်ရန် ခက်ခဲမှုတို့ကြောင့် မိုဘိုင်းစခန်းအသစ် တည်ဆောက်တပ်ဆင်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း။

ဆက်သွယ်ရေး ဆက်ကြောင်းများ တည်ဆောက်ချိတ်ဆက်နိုင်မှုနှင့် နယ်မြေဒေသအခြေအနေများအပေါ် မူတည်ပြီး ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းတိုင်းတာရရှိမှု အခြေအနေများအပေါ် မူတည်၍ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ၏ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက မိုဘိုင်းစခန်းများ တည်ဆောက်နိုင်ရေး ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးလှမင်း၏ **ငါန်းဇွန်မြို့နယ်အတွင်း မူလတန်းကျောင်းမှ အထက်တန်းကျောင်းအထိ စုစုပေါင်း ၁၂၇ ကျောင်းရှိသည့်အနက် ၆၆ ကျောင်းမှာ ယာယီပိတ်ထားရပါသဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်အတွင်း ၁၂၇ ကျောင်းအနက် ၆၁ ကျောင်းဖွင့်လှစ်ထားပါကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ယာယီပိတ်ထားသောကျောင်း၆၆ ကျောင်းအနက် ဂျို၊ ကမ္ဘ၊ မဂျီ၊ ရွှေတောင်၊ ငါန်းလွန့်၊ ဆပ်ပြာကျင်း၊ သပြေသာ၊ သပြေကန်ကျေးရွာများရှိ အထက၊ အထက (ခွဲ)၊ အလက(ခွဲ)၊ အမကကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး လျာထားသော်လည်း သပြေသာအခြေခံပညာမူလတန်းကျောင်း တစ်ကျောင်းကိုသာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိသည့် ၇ ကျောင်း ဆက်လက်ဖွင့်လှစ်နိုင်ပါက သင်ကြားသင်ယူမှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွင့်ကျောင်းများတွင် ယာယီတွဲဖက်ထားသော အဆိုပါကျောင်းများမှ ကျောင်းအုပ်အပါအဝင် ဆရာ၊ ဆရာမများအား ပြန်လည်တာဝန် ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ထားပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်း၏ **မိုင်းပျဉ်းမြို့နယ်ရှိ အ.မ.က ၂၆ကျောင်းတွင် လိုအပ်နေသော ဆရာ/ ဆရာမများအား ခွဲဝေခန့်ထားပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း ၂၆ ကျောင်းရှိပြီး အဆိုပါ ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှု အဆင်ပြေစေရေးအတွက် မြို့နယ်အတွင်းရှိ ဆရာပြည့်မီသော ကျောင်းများမှ ဆရာ၊ ဆရာမများကို တွဲဖက်တာဝန်ချထားပေးလျက်ရှိပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Dip. Ed သင်တန်းဆင်းများ၊ B.A (Edu)၊ B.Sc(Edu) ပညာရေးဒီဂရီကောလိပ်သင်တန်းဆင်းများကို ဆရာ၊ ဆရာမ နည်းပါးသည့်ကျောင်းများတွင် ဦးစားပေး အစီအစဉ်အလိုက် ဖြည့်ဆည်းခန့်ထားသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းဆင်း ဆရာ၊ ဆရာမ အရေအတွက်ဖြင့် မလုံလောက်ပါကလည်း မြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမများကို အလှည့်ကျ သို့မဟုတ် ယာယီတာဝန်ချထားပြီး သင်ကြားသင်ယူမှု အဆင်ပြေစေရေး အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယမြို့နယ်အတွင်းရှိ သပြေကုန်းကျေးရွာရှိ အ.လ.က(ခွဲ)နှင့် ပင်ပျော်ကျေးရွာအုပ်စု အ.မ.က ရှောက်ချို စာသင်ကျောင်းတို့တွင် ကျောင်းသားဦးရေနှင့် ကျောင်းဖွဲ့စည်းပုံအရ စာသင်ခန်းလုံလောက်မှုမရှိပါ၍ အလျား ပေ ၉၀၊ အနံ ပေ ၃၀ တစ်ထပ် ကျောင်းဆောင်သစ်တစ်ဆောင်စီ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်းတယမြို့နယ်၊ သပြေကုန်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် စာသင်ဆောင် ၃ ဆောင်၊ စာသင်ခန်း ၆ ခန်း၊ တန်းခွဲ ၉ ခုဖြင့် ပညာသင်ကြားလျက်ရှိပြီး ကျောင်းသား/တန်းခွဲဦးရေအရ စာသင်ခန်း ၃ ခန်း လိုအပ်နေသည့်အတွက် ပေ (၉၀ x ၃၀) RCC တစ်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘတ်ဂျက်လျာထားမှုအပေါ် ဦးစားပေး အစီအစဉ်အလိုက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပင်ပျော်ကျေးရွာအုပ်စု၊ ရှောက်ချို အခြေခံပညာ မူလတန်းကျောင်းတွင် မူလတန်းကျောင်းသား ၁၈၉ ဦးရှိပြီး စာသင်ဆောင် ၂ ဆောင်၊ စာသင်ခန်း ၆ ခန်း၊ တန်းခွဲ ၆ ခုဖြင့် ပညာသင်ကြားလျက်ရှိသည့်အတွက် ကျောင်းသားဦးရေအရ ရှောက်ချို အခြေခံပညာမူလတန်းကျောင်းတွင် စာသင်ခန်းလုံလောက်မှုရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက် ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်၊ အတွင်းရေးမှူးအဖြစ် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းငွေး

*စာမျက်နှာ ၇ သို့*



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပစဉ်။

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။



တတိယအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးသိန်းလှိုင်၏ **မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဥပဒေကို ပြုစုထုတ်ဝေ၍ ကိုဥပဒေပြဋ္ဌာန်းချက်ပါ အတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအပေါ် မည်သို့အရေးယူ ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ(Myanmar National Building Code) ကို တိုးတက်ပြောင်းလဲလျက်ရှိသည့် တည်ဆောက်ရေးဆိုင်ရာ ပညာရပ်များအား လေ့လာသုံးသပ်၍ ၄ နှစ်လျှင်တစ်ကြိမ် အဆင့်မြှင့်တင်ထုတ်ပြန်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်၍ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ- ၂၀၂၀ (Myanmar National Building Code-2020) ကို ထုတ်ပြန် ကြေညာခဲ့ပါကြောင်း၊ ထပ်မံ၍ ၂၀၂၄ ခုနှစ်တွင် တိုးတက်ပြောင်းလဲလာသော နိုင်ငံတကာစံနှုန်းများအရ ပြင်ဆင်ဖြည့်စွက်ရန် ဆောင်ရွက်နေစဉ်ကာလအတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သဖြင့် ငလျင်ဒဏ်ခံနိုင်ရန် အဆောက်အဦများ တည်ဆောက်နိုင်ရေး လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်မှုများကို နည်းပညာရှင်များပါဝင်သည့်Technical Working Group များ၊ မြန်မာနိုင်ငံ ငလျင်ကော်မတီ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့နှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စတင်၍ ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း။

ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အဦများ ပေါ်ထွန်းလာစေရေး မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ - ၂၀၂၅ (Myanmar National Buildinig Code-2025)အား မဖြစ်မနေ လိုက်နာကျင့်သုံးဆောင်ရွက်ရန်အတွက် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း ၂၀၂၆ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူချက်အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီ ဥပဒေအမှတ် ၅/၂၀၂၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး နည်းဥပဒေများကိုလည်း ဆက်လက်ရေးဆွဲလျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအပေါ် ရှင်းလင်းဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **ရှမ်းပြည်နယ် တန့်ယန်းမြို့တွင်း လမ်းပန်းဆက်သွယ်မှု သာယာကောင်းမွန်ရေးအတွက် မဟာဗျူဟာလမ်းဖြစ်သည့် "နောင်ဖာ" မိန်းလမ်းမကြီး အရှည် ပေ ၅၀၀၀၊ အကျယ် ပေ ၂၀၊ အမြင့် ၈ လက်မအား ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်လမ်းဦးစီးဌာန အနေဖြင့် တန့်ယန်းခရိုင်အတွင်းတွင်ရှိသည့် အဓိကလမ်းမကြီးများဖြစ်သည့် ဟိုယ-တန့်ယန်းလမ်း၊ တန့်ယန်း - မိုင်းကောင်-တာမဆွန်လမ်းနှင့် လဲချား - မိုင်းနောင်-မိုင်းရှူး - မိုင်းအွတ် - မိုင်းကောင်လမ်းများကို လမ်း/တံတား အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်ကိုသာ ရန်ပုံငွေလျာထားနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဒေသတွင်း ကျေးရွာများအချင်းချင်း ကုန်စည်သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် တန့်ယန်း-နောင်ဖာလမ်းကို လတ်တလောအနေဖြင့် အများပြည်သူများ သွားလာရာတွင် အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ရန်အတွက် လမ်းတစ်လျှောက်လိုအပ်သည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တန့်ယန်း-နောင်ဖာလမ်း၏ တန့်ယန်းမြို့တွင်း အပိုင်း ပေ ၅၀၀၀ အရှည် ၈ လက်မ ထုပြုပြင်ခြင်းအား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်၏ ဒေသန္တရ စီမံကိန်းတွင် ထည့်သွင်း၍ ပြည်နယ်ရန်ပုံငွေလျာထားပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၄) ဦးအောင်ကျော်မင်း၏ **ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များအား မိုးရာသီကာလအတွင်း ပျက်စီးမှုများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ထိန်းသိမ်းနိုင်မည့် ချက်ချင်းပျက်၊ ချက်ချင်းပြင် (Immediate Repari/ Routine Maintenance) မူဝါဒချမှတ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များကို ချက်ချင်းပျက်၊ ချက်ချင်းပြင်စနစ်ဖြင့် မိုးကာလတွင် လမ်းပေါက်များနှင့် လမ်းပျက်စီးမှုများကို ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ရန် မူဝါဒချမှတ်ထားရှိပြီး လက်ရှိတွင် လမ်းပျက်စီးမှုများကိုလည်း ပြင်ဆင်ထိန်းသိမ်းခြင်းပုံစံ ၂မျိုးဖြစ်သည့် ကြိုတင်ရောကျောက်ကတ္တရာ (Premix) ဖြင့်ဖာထေးခြင်း၊ ကျောက်ဖြည့်သဲညှပ်စနစ် (Waterbound)ဖြင့် လမ်းပေါက် ဖာထေးခြင်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင်ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်ခြင်း၊ မိုးများသည့် ဒေသဖြစ်ခြင်း၊ မိုးတွင်းကာလတွင် အောက်ခံမြေသား၏ ခံနိုင်ဝန်ကျဆင်းခြင်းနှင့် သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်သည့်ယာဉ်များ ဖြတ်သန်းသွားလာခြင်းကြောင့် လမ်းပိုင်းအချို့တွင် လမ်းပေါက်များ၊ လမ်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အဆိုပါ သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်ဖြတ်သန်းသော ယာဉ်များကိုလည်း တားဆီးကာကွယ်သွားမည်ဖြစ်ပြီး မိုးကုန်၍ ပွင့်လင်းရာသီရောက်သည့်အခါတွင် လမ်းပျက်စီးမှုအပေါ်မူတည်၍ ရန်ပုံငွေလျာထားကာ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး ပြုပြင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၆ မှ*

အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ် ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း၊ အတွင်းရေးမှူးအဖြစ် ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှု ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် ဇဟာန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်၊ အတွင်းရေးမှူးအဖြစ် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်တွင်း/ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဦးတင့်ဝေ၊ အတွင်းရေးမှူးအဖြစ် ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးအောင်နိုင်ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီ အစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီ အစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်၁၅ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဌွေးနှင့် အတွင်းရေးမှူးအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေနှင့် အတွင်းရေးမှူးအဖြစ် မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးစိုးနိုင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီးနှင့် အတွင်းရေးမှူးအဖြစ် သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကနီမဲဆန္ဒနယ်မှ ဦးညဏ်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို ဇွန် ၁၂ ရက်တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ရေဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **နိုင်ငံတော်ဘဏ္ဍာငွေဖြင့်ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများ၌ တင်ဒါစနစ်ဖြင့် ရွေးချယ်ရာတွင် တင်ဒါစည်းမျဉ်းစည်းကမ်းများ ပြည့်စုံမှန်ကန်ပြီး တစ်ပြေးညီဖြစ်စေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တင်ဒါနှင့်ပတ်သက်၍ လမ်းညွှန်ချက်များအနေဖြင့် ယခင် နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ခဲ့သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင်လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ တောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာစံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၇/၂၀၁၇)၊ အစိုးရ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်အမှတ်(၁/၂၀၂၂)၊ ငလျင်နှင့်ပတ်သက်၍ မန္တလေးငလျင်ကြီးဒဏ်သင့် နိုင်ငံပိုင်အဆောက်အအုံများအား ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ်(၁/၂၀၂၅)တို့ကို ထုတ်ပြန်ထားပြီးဖြစ်ပါ၍ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တင်ဒါဖွင့်ဖောက် ရွေးချယ်ရာတွင် ဈေးနှုန်းတစ်ခုတည်းကိုသာ အဓိကမထားဘဲ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ယခင်နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ် (၇/၂၀၂၀) စာပိုဒ်-၆၂ နှင့် စာပိုဒ်-၉၂ မှ ၉၈ အထိစာပိုဒ်များကိုလိုက်နာ၍ အမှတ်ပေးစနစ် သတ်မှတ်ရွေးချယ်သွားရမည် ဖြစ်ပါကြောင်း၊ တင်ဒါအောင်မြင်သွားသောကုမ္ပဏီများ၏ အချက်အလက်များနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ပြည်သူလူထုက အလွယ်တကူသိရှိနိုင်ရန်အတွက် ယခင်နိုင်ငံတော်သမ္မတရုံး၊ ညွှန်ကြားချက်အမှတ်(၇/၂၀၂၀) စာပိုဒ်-၁၁၀နှင့် စာပိုဒ်-၁၄၁(က) တို့တွင် တင်ဒါအောင်မြင်သူများစာရင်းနှင့် တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှုများကို အများပြည်သူ လွယ်လင့်တကူသိရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း Website တွင် လွှင့်တင်ထားရမည်ဟု ပါရှိပြီးဖြစ်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့်အချက်များ အားလုံးသည် လက်ရှိတွင် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၀) ဦးလှသိန်း **အစား** ရေဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးအောင်ကျော်မင်းနှင့် ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရှားရယ် **အစား** ရေဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဦးပြုံးချိုတို့အား အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးရဲမြင့်ထွန်း **အစား** မွန်ပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာဗညားအောင်မိုးနှင့် ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဦးအောင်မင်းနိုင် **အစား** တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးယုနိုင်တို့အား အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဒေါ်ခင်ရွှေမြင့် (ခ) ဒေါ်နှောင်းထွေး **အစား** မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးဝင်းဖေမောင် အား အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၂) နန်းဝိုးစိန် **အစား** စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်း အား အဖွဲ့ဝင် အဖြစ်လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းများကို လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄)ဒေါ်မီမီကျော်ထွန်း၊ အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးဝင်းလှိုင်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီကို အဖွဲ့ဝင် (၁၅)ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါက်တာအမ်ဇော်လတ် (ခ)ဆမ်းမားကို့(စ်)တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို ဇွန် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ



**မုံရွာ ဇွန် ၁၁**

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးပဉ္စမနေ့ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ရှစ်ဦးက ကြယ်ပွင့်ပြမေးခွန်းကိုးခုကို မေးမြန်းကြရာသက်ဆိုင်ရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြေကြားကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌက အထူးကိစ္စရပ်များလေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဖတ်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အထူးကိစ္စရပ်များလေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူး(၁)၊ (၂)တို့အပါအဝင် စုစုပေါင်းအမည်စာရင်း ၂၈ ဦးတို့ဖြင့် ဖွဲ့စည်းမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက လွှတ်တော်ရုံးထံသို့ အမည်စာရင်းကို ဇွန် ၁၂ ရက် ညနေ ၄ နာရီခွဲအထိ တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**မန္တလေး ဇွန် ၁၁**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၁၄ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ၁၅ ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇွန် ၁၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ရခိုင်ပြည်နယ်လွှတ်တော်၌ ဥပဒေကြမ်းရေးဆွဲခြင်း၊ ဥပဒေရေးရာကိစ္စရပ်များနှင့် ဒေသန္တရစီမံကိန်းများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေး

**စစ်တွေ ဇွန် ၁၁**

ရခိုင်ပြည်နယ်လွှတ်တော်၌ ဥပဒေကြမ်းရေးဆွဲခြင်း၊ ဥပဒေရေးရာကိစ္စရပ်များနှင့် ဒေသန္တရစီမံကိန်းများ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေ၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာထင်လင်းဦး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဥပဒေချုပ်ရုံးမှ ဒုတိယပြည်နယ်ဥပဒေအရာရှိ ဒေါ်လှနုဖြူက ဥပဒေကြမ်းရေးဆွဲခြင်း၊ ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ဆွေးနွေးရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၁ ရက်မှ ၁၃ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**



## ကချင်ပြည်နယ်ဝန်ကြီးချုပ် ငါးမွေးမြူရေးလုပ်ငန်း၊ ကမ်းထိန်းလုပ်ငန်းများနှင့် ရေကြည်ချောင်းရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇွန် ၁၁**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် ယုဇနမြိုင်ကျေးရွာအတွင်းရှိ ငါးမွေးမြူရေးလုပ်ငန်း နေရာဟောင်းသို့သွားရောက်၍ ယခင်ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးပြီး ငါးကန်ဟောင်းများ တူးဖော်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ယမန်နေ့ ညနေပိုင်းကလည်း မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း မန္တလေး - လားရှိုး- ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် တံတားအမှတ်(၂/၄၈၄)၊ အရှည် ၃၂၂ ပေရှိ ဗလမင်းထင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း၊ လယ်ကုန်း-ဇီးလွန်ရေဝင်ပေါက်ပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် မြစ်ရေမြင့်တက်မှုမှ ကာကွယ်နိုင်ရေးအတွက် အဆိုပါရေဝင်ပေါက်နေရာတွင် Geotube လုပ်ငန်းစတင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကြက်ပေါင်ခြံရပ်ကွက်အတွင်း ရေကြည်ချောင်း တံခါးပေါက် ခုနစ်ပေါက်ပါဝင်သည့် သံကူကွန်ကရစ်ရေထိန်းတံခါး တည်ဆောက်ပြီးစီးမှုနှင့် ရေဝင်မြောင်းမကြီးနှင့် ရေထုတ်မြောင်းမကြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## မြိတ်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မြိတ် ဇွန် ၁၁**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ယနေ့နံနက်ပိုင်းက မြိတ်မြို့ သမိုင်းဝင်ကန်တော်မင်္ဂလာရေကန် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြိတ်မြို့ပေါ်ရှိ ရပ်ကွက်များကို ဖြတ်သန်းစီးဆင်းနေသော ဘုရားကိုင်ချောင်း ရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းဆောင်ရွက်မှု၊ မြိတ်တောင်ရပ်ကွက်၊ ဦးမြတ်လေးလမ်း လမ်းဘေးဝဲယာရေမြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် စည်ပင်နှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်မှု၊ ယောကြီးဝ ဆိပ်ခံတံတားတွင် ခရီးသည်တင် အမြန်ရေယာဉ်နှင့် စက်လှေများဆိုက်ကပ်ထားရှိမှု၊ မြိတ်မြို့ အထက(၁)ကျောင်းတွင် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ ဆောင်ရွက်ပေးနေမှုနှင့် Pentro & Trans Co.,Ltd. ၏ ဆိုလာစနစ် တပ်ဆင်ဆောင်ရွက်ခြင်းနှင့် ဆီသိုလှောင်ကန် ငှားရမ်းပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်မည့်စီမံကိန်းနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ရွာလွတ်)ရှိ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် လက်မှုပစ္စည်း အရောင်းဆိုင်များ ကြည့်ရှုအားပေး

**မော်လမြိုင် ဇွန် ၁၁**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများ ယနေ့နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ရွာလွတ်)သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေနှင့် စာသင်ခန်းများ၊ ကျောင်းဝင်းအတွင်း ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ၏ စားရိပ်သာအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် စားသောက်ဖွယ်ရာများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက စားသောက်ဖွယ်ရာများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို လည်းကောင်း ပေးအပ်ချီးမြှင့်၍ (ယာပုံ)စိုက်ပျိုးရေးနှင့် မွေးမြူရေးသုံးသင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မုဒ္ဒန်းကျေးရွာရှိ သမဝါယမအသင်းစု၏ ဘီလူးကျွန်းသားကြီး ကျောက်သင်ပုန်းနှင့်ဒေသထွက်ပစ္စည်း အရောင်းဆိုင်နှင့် အမိမြေဒေသထွက် ကျောက်သင်ပုန်း၊ မွန်ရိုးရာအဝတ်အထည် အသုံးအဆောင်များနှင့် လက်မှုပစ္စည်း အရောင်းဆိုင်သို့ ရောက်ရှိပြီး မွန်ရိုးရာအဝတ်အထည်များနှင့် လက်မှုပစ္စည်းများကို ကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကျင်းပ

**တောင်ကြီး ဇွန် ၁၁**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို ယနေ့နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးတို့က ကြယ်ပွင့်ပြမေးခွန်းပေါင်း(၁၈)ခုတို့ကို မေးမြန်းခြင်းဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားကြသည်။



ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီနှင့် တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများ စိစစ်ရေးကော်မတီများဖွဲ့စည်းကြောင်း ကြေညာပြီး ပြည်နယ်လွှတ်တော်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီနှင့် သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတို့တွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းတို့ကို လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက အဆိုပါကော်မတီများ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်တို့ကို ကြေညာခဲ့ကြောင်း သိရသည်။

**အင်းသားလေး(တောင်ကြီး)**

---

❖ *ကျော်ဖုံးမှ*

ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန် ကင်းလွတ်ခွင့်ကာလကို ၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၆-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

---

❍ *ကျော်ဖုံးမှ*

ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၆-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

---

❒ *ကျော်ဖုံးမှ*

အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၆-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

# သုတလိုက စာဖတ်ကြ

## စာဖတ်ပရိသတ်တစ်ဦး

**သည်ဘက်ခေတ်တွင် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ဗဟုဝင်သုတဆိုင်ရာပြိုင်ပွဲများ ခေတ်စားလာသည်။ ကျွန်တော်တို့ခေတ် ငယ်စဉ်ကာလကမူ ကစားဖော် အချင်းချင်း စကားထာဝှက်တမ်းကစားနည်းများ၊ ရုပ်ရှင်ပဟေဠိကစားနည်းများသာရှိခဲ့သည်။**

- **မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် ကျယ်ပြန့်သော ပြည်တွင်း ပြည်ပ ဗဟုသုတများ မပြည့်စုံသေးသည့်တိုင် သိသင့်သိထိုက်ရမည် ဖြစ်သော အခြေခံဗဟုသုတပိုင်းဆိုင်ရာများကိုတော့ သိရှိဖို့လိုအပ်**
- **ဗဟုသုတရှိသူသည် သူများယောင်တိုင်း လိုက်ယောင်တတ်သူမဟုတ်ပေ။ သူများပါးစပ်ဖျားဖြင့် လမ်းဆုံးနေတတ်သူလည်းမဟုတ်။ အရေးကိစ္စ တစ်ခု၊ အကြောင်းခြင်းရာတစ်ခုကို ဗဟုသုတအခြေခံဖြင့် ပြဿနာ၏ အရင်းအမြစ်ကိုသိရှိပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ် ဆုံးဖြတ်နိုင်သူဖြစ်**

ကျွန်တော်သည် စာဖတ်ပရိသတ်တစ်ဦးပီပီ သုတဆိုင်ရာများကို စိတ်ဝင်စားပါသည်။ အခါအခွင့်သင့်ပါက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကိုလည်း ဝင်ရောက်ဆင်နွဲတတ်ပါသည်။ မကြာသေးမီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသဏလိုဏ်ဂူတော်အတွင်း ကျင်းပခဲ့သော ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် အထူးပြပွဲသို့ ရောက်တုန်းရောက်ခိုက် ဆဋ္ဌသင်္ဂါယနာဆိုင်ရာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို လက်တန်းဝင်ရောက်ဖြေဆိုခဲ့ရာ မေးခွန်း ၁၀ ခုတွင် ခုနစ်ခု အဖြေမှန်ရရှိသဖြင့် ဘောပင်တစ်ချောင်း လက်ဆောင်ရရှိခဲ့ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး ရောက်ရှိစဉ်ကလည်း သူတို့နိုင်ငံနှင့် ဆက်စပ်သည့် ဗဟုသုတပဟေဠိမေးခွန်းများကို လာရောက်မေးမြန်းကြရာ ဂုဏ်ထူးမရရှိသော်လည်း အောင်မှတ်ရရှိခဲ့သဖြင့် လက်ဆောင်ရရှိခဲ့ဖူးပါသည်။

သည်ဘက်ခေတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ အထူးသဖြင့် သုတစုံလင်ဗဟုဝင်ပြိုင်ပွဲတို့တွင် ဆုရလူငယ်မောင်မယ်များ အလွန်တော်ကြပါသည်။ ကျွန်တော်တို့မသိသေးသည့်၊ လက်လှမ်းမမီခဲ့သည့် မေးခွန်းများကို ဒက်ခနဲ၊ ဒက်ခနဲ ဖြေဆိုနိုင်ခဲ့ကြပါသည်။

သို့ရာတွင် သာမန်လူငယ်အများစုမှာမူ ဗဟုသုတအပိုင်းတွင် အတော်ချို့ငဲ့နည်းပါးလျက်ရှိသည်ကို တွေ့မြင်ကြားသိနေရသည်။ ပြီးခဲ့သည့် ရက်ပိုင်းက လူမှုကွန်ရက် စာမျက်နှာထက်တွင် ဗဟုသုတဆိုင်ရာများကို လိုက်လံမေးမြန်းတင်ဆက်မှုအစီအစဉ်တစ်ခုတွင် ဖြေဆိုသူလူငယ်လူရွယ်အတော်များများမှာ သိသင့်သိထိုက်သည့် အခြေခံမေးခွန်းများကိုပင် မသိကြ၊ မှန်အောင်မဖြေဆိုနိုင်ခဲ့ကြချေ။

ဒေသတွင်း အာဆီယံနိုင်ငံများကိုမေးလျှင် တောင်အာရှမှ အိန္ဒိယနိုင်ငံကို ဆွဲထည့်ဖြေသူကဖြေ၊ ကိုယ့်နိုင်ငံအတွင်း မြို့ရွာများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကို အမြီးအမောက်မတည့် တောင်တခြား မြောက်တခြား ဖြေသူကဖြေနှင့် ရယ်စရာကောင်းသလို အနာဂတ်အတွက် စိုးရိမ်စရာလည်းဖြစ်ရသည်။

ယနေ့ခေတ်လူငယ်အများစုက လက်ကိုင်ဖုန်းတစ်လုံးနှင့် အချိန်ကုန်နေကြသည်။ ဂိမ်းကစားရင်း ဂိမ်းစွဲလမ်းနေသူများကလည်း အများသား။ ကမ္ဘာတစ်ဝန်းလုံးလိုလိုပင်။ ကျွန်တော်တို့ခေတ် ၁၉၇၀ ကျော်၊ ၈၀ လွန်နှစ်ကာလများ၌မူ စာအုပ်မှစာအုပ်။ ကလေးဘဝ ကာတွန်းစာအုပ်မှအစပြု၍ လူငယ်လူရွယ်ဖြစ်သည်အထိ စာအုပ်စာပေများကို စွဲလမ်းနှစ်ခြိုက်စွာ ဖတ်ရှုလေ့ရှိကြသည်။

ကျွန်တော်ကမူ မူလတန်းကျောင်းသားဘဝတွင် ဖခင်ကြီးဝယ်ပေးသည့် ရွှေသွေးဂျာနယ်၊ တေဇ ဂျာနယ်၊ ကာတွန်းစာအုပ်စသည့် စာအုပ်စာစောင်များအပြင် အလယ်တန်းကျောင်းသားဘဝ၌ နေ့စဉ်ထုတ်သတင်းစာများပါ ဖတ်ရှုဖြစ်သည်။ လမ်းစဉ်ပါတီခေတ်တွင် ကြေးမုံ၊ မြန်မာ့အလင်း၊ လုပ်သား၊ ဗိုလ်တထောင်စသည့် နေ့စဉ်ထုတ်သတင်းစာများအနက် ဗိုလ်တထောင်သတင်းစာတွင် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲအပါအဝင် အားကစားသတင်းများကို ဓာတ်ပုံနှင့်တကွ ဝေဝေဆာဆာ ဖော်ပြလေ့ရှိသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်း လတ်တလောဖြစ်ပေါ်နေသည့် နိုင်ငံတကာအရေးကိစ္စများကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း သတင်းဆောင်းပါးများအဖြစ် အကျယ်တဝင့် ဖော်ပြပေးလေ့ရှိသည်။

ကျွန်တော်သည် အဆိုပါကဏ္ဍများကို နှစ်သက်၍ ဗိုလ်တထောင်သတင်းစာဖတ်ပရိသတ်တစ်ဦး ဖြစ်လာခဲ့သည်။ ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲရာသီရောက်လျှင် ကျောင်းက ပြန်ရောက်သည်နှင့် ထမင်းအရင်မစားနိုင်၊ ဗိုလ်တထောင်သတင်းစာမှ ဘောလုံးပွဲသတင်းကို မြိန်ရေရှက်ရေ အရင်ဆုံးဖတ်ရှုလေ့ရှိပါသည်။

ထို့အတူ ပင်တိုင်ဆောင်းပါးရှင် ဆရာအောင်ဝင့်၊ ဆရာဆွေလတ်တို့ ရေးသားသော လတ်တလော နိုင်ငံတကာသတင်းဆောင်းပါးများကို အငမ်းမရ လေ့လာဖတ်ရှုဖြစ်ပါသည်။ လွန်ခဲ့သည့်လေး၊ ငါးနှစ်က စာအုပ်အဟောင်းတန်းတွင် ထိုခေတ်က ဗိုလ်တထောင်သတင်းစာ၌ ဖော်ပြခဲ့သည့် နိုင်ငံတကာသတင်းဆောင်းပါးများကို ဆောင်းပါးပေါင်းချုပ်စာအုပ်အဖြစ် ပြန်လည်စုစည်းထုတ်ဝေခဲ့သော ဆရာအောင်ဝင့်၏ "ဖြစ်ရပ်စုံစွာ ဤကမ္ဘာ" စာအုပ်နှင့် ဆရာဆွေလတ်၏ "အရေးအခင်းစုံလင် ကမ္ဘာတစ်ခွင်" စာအုပ်တို့ကို တွေ့ရ၍ ဝယ်ယူဖြစ်ခဲ့သည်။ ဆယ်စုနှစ်များစွာ ကြာညောင်းခဲ့သော်လည်း ထိုဆရာတို့၏ သွက်သွက်လက်လက်ရေးသားတင်ပြဟန်များကို ယခုတိုင် သဘောကျနှစ်ခြိုက်နေဆဲပင်။

ထိုခေတ်သတင်းစာများက လူငယ်များ နှစ်သက်သည့် အားကစားကဏ္ဍ၊ နိုင်ငံတကာ အရေးကိစ္စများကို စိတ်ဝင်စားသူများအတွက် ဖော်ပြပါ နိုင်ငံတကာသတင်းဆောင်းပါးကဏ္ဍများဖြင့် ကဏ္ဍစုံလင်လှသည်။

ဗိုလ်တထောင်သတင်းစာက ကမ္ဘာ့ရေးရာများကို လေ့လာလျက်ရှိသည့် စာဖတ်ပရိသတ်များအတွက် အချိန်တိုအတွင်း လိုအပ်သော အချက်အလက်များကို အထောက်အကူဖြစ်စေရန်၊ ကမ္ဘာ့ရေးရာ နိုင်ငံတကာသတင်းဆောင်းပါးများကို လေ့လာခြင်းအားဖြင့် အရေးအခင်းများ၊ ပဋိပက္ခများ၊ ပြဿနာများ၊ အဖြစ်အပျက်များ၏ အရင်းခံအကြောင်းတရား၊ ကွဲပြားသည့်အယူအဆ၊ ပါဝင်ကြသူ ကာယကံရှင်များ၏ သဘောထား၊ တွေးခေါ်မြော်မြင်ပုံ၊ ချဉ်းကပ်ပုံ၊ ဆောင်ရွက်ပုံ၊ စေ့စပ်နည်း၊ ဖြေရှင်းနည်း စသည် စသည်တို့ကို လေ့လာခြင်းဖြင့် ဗဟုသုတပိုမိုရရှိနိုင်ရန် မျှော်လင့်၍ တင်ဆက်ဖော်ပြခြင်း ဖြစ်သည်ဟုဆိုသည်။

ကျွန်တော်တို့ခေတ်နည်းတူ မျက်မှောက်ကာလတွင်လည်း နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များကို လူငယ်မောင်မယ်များ စိတ်ဝင်တစား လေ့လာဖတ်ရှုစေလိုပါက လူငယ်ထု ကြိုက်နှစ်သက်သည့်၊ စိတ်ဝင်စားသည့် စာပေ၊ ဂီတ၊ အနုပညာ၊ အားကစား၊ နည်းပညာကဏ္ဍများကို အခါအားလျော်စွာ ပိုမိုထည့်သွင်း ဖော်ပြပေးကြရပါမည်။

စာပေရေစီးကြောင်းသည် တစ်သမတ်တည်း ရပ်တန့်နေသည် မဟုတ်ပါ။ ဆင့်ကဲတိုးတက်ပြောင်းလဲလာတတ်သည့် သဘောသဘာဝရှိပေသည်။

(ဥပမာ)မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေတ်ပြိုင်အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီး ဝန်ကြီးချုပ် ဂျဝါဟာလာနေရူး၏ ဘဝတစ်စိတ်တစ်ဒေသကို ဆဝါးလေ့လာမိလျှင် နေရူး၏ မျိုးဆက်များဖြစ်သော သမီးဖြစ်သူ ဝန်ကြီးချုပ်အင်ဒီရာဂန္ဒီ၊ နေရူး၏မြေး၊ အင်ဒီရာ၏သားဖြစ်သူ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီတို့၏ ကြေကွဲဖွယ်ရာဘဝဇာတ်ကြောင်းများ၊ ထိုမှ အိန္ဒိယသမ္မတနိုင်ငံ၏ အစဉ်အဆက် ဝန်ကြီးချုပ်များနှင့် လက်ရှိဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ ကာလတိုင် သမိုင်းစဉ်အတိုင်း လေ့လာလိုစိတ်များ ဖြစ်ထွန်းပေါ်ပေါက်လာပေလိမ့်မည်။ ထိုသို့လေ့လာခြင်းအားဖြင့် ကျွဲကူးရေပါ အိန္ဒိယသမ္မတနိုင်ငံ၏ သမိုင်းကိုပါ တစ်ပါတည်း လေ့လာပြီး ဖြစ်ပေလိမ့်မည်။

ထို့အတူ ကျွန်တော်တို့လူငယ်ဘဝ သတင်းစာဖတ်ပရိသတ်တစ်ဦးဖြစ်ခဲ့စဉ်က ကမ္ဘာ့ဇာတ်ခုံပေါ်တွင် ထင်ရှားကျော်ကြားခဲ့သော အမေရိကန်သမ္မတ ရီဂင်အကြောင်းကို စိတ်ဝင်စားခဲ့ပါလျှင် အမေရိကန်သမ္မတ အစဉ်အဆက်ကိုလည်း ဆက်လက်လေ့လာလိုစိတ်များ ပေါ်ပေါက်လာမည်ဖြစ်သည်။ ထိုသို့လေ့လာရင်း၊ လေ့လာရင်းအားဖြင့် အမေရိကန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲများ၊ အမေရိကန်၏ ဒီမိုကရေစီစနစ်များကိုပါ တစ်ပါတည်းလေ့လာပြီး ဖြစ်ပေလိမ့်မည်။

ထိုနည်းတူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ပြီးလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်၊ ဗိုလ်ချုပ်နှင့် ခေတ်ပြိုင်ဝန်ကြီးချုပ် ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း စသည့် ခေတ်ပြိုင်ခေါင်းဆောင်များကို ဆက်လက်လေ့လာလိုစိတ်များ ဆင့်ကဲဖြစ်ထွန်းပေါက်ဖွားလာပေလိမ့်မည်။ ထိုမှ မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို မြင်ကွင်းကျယ်အဖြစ် တစ်ဆက်တစ်စပ်တည်း မြင်တွေ့နိုင်မည်ဖြစ်ပေသည်။

မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် ကျယ်ပြန့်သော ပြည်တွင်းပြည်ပဗဟုသုတများ မပြည့်စုံသေးသည့်တိုင် သိသင့်သိထိုက်ရမည်ဖြစ်သော အခြေခံဗဟုသုတပိုင်းဆိုင်ရာများကိုတော့ သိရှိဖို့ လိုအပ်သည်။

ဗဟုသုတရှိသူသည် သူများယောင်တိုင်း လိုက်ယောင်တတ်သူမဟုတ်ပေ။ သူများပါးစပ်ဖျားဖြင့် လမ်းဆုံးနေတတ်သူလည်းမဟုတ်။ အရေးကိစ္စတစ်ခု၊ အကြောင်းခြင်းရာတစ်ခုကို ဗဟုသုတအခြေခံဖြင့် ပြဿနာ၏အရင်းအမြစ်ကို သိရှိပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ဆုံးဖြတ်နိုင်သူဖြစ်သည်။

ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသကလည်း နှစ်(၃၀)ပြည့် မဟာသုဗောဓာရုံကျောင်းတိုက်နေ့ အခါသမယတွင် သောတုဇနအရှင်မြတ်တို့အား -

> "သိမြင်လိုလား၊သုတပွား၊ သုတပွားက၊ ပညာရ၊
> ပညာရလျှင်၊ ကျိုးကြောင်းမြင်၊ ကျိုးကြောင်း
> မြင်က ချမ်းသာရ"

ဟူသော ဂါထာလင်္ကာကို ဓမ္မလက်ဆောင်အဖြစ် ချီးမြှင့်တော်မူခဲ့ပါသည်။ သို့ဖြစ်၍ သုတပွားလိုသူတိုင်း သိမြင်လိုလားသောစိတ်ဖြင့် စာပေဗဟုသုတများကို လေ့လာဖတ်ရှုကြပါစို့။ ။

## မိုင်းဖြတ်မြို့နယ်၌ မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

မိုင်းဖြတ် ဇွန် ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်က လကပ်ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကို လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ သစ်ပင်များကို ကာကွယ်ထိန်းသိမ်းရေးကို လည်းကောင်း၊ တောမီး/တောင်ယာ မီးမရှို့ရေးအတွက် အသိပညာပေးပြောကြားသည်။



သန်းထွန်းအေး(ပြန်/ဆက်)

ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။

# ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဇွန် ၁၃ ရက်တွင် ၃၃ ကေဗွီ Project M/O ဓာတ်အားလိုင်းအား နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း၊ ဇွန် ၁၄ ရက်တွင် ၃၃ ကေဗွီ MRTV – 1 ဓာတ်အားလိုင်းအား နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် အဆိုပါဓာတ်အားလိုင်းများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် အေလာမြို့ ဝက္ကမူကျေးရွာအနီး ရန်ကုန် – မန္တလေး မီးရထားသံလမ်းဘေး (AH1) လမ်းမကြီးရှိ မီးရထားသံလမ်း ခုံးကျော်တံတားတည်ဆောက်ခြင်းနှင့် မလွတ်ကင်းသည့် ၃၃ ကေဗွီ ပျဉ်းမနား – အေလာ ဓာတ်အားလိုင်း ပြောင်းရွှေ့သွယ်တန်းခြင်း ဆောင်ရွက်ရန်အတွက် ဇွန် ၁၃ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အေလာမြို့နှင့် သာဝတ္ထိမြို့ရှိ အစိုးရရုံးဌာနများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ အစိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်သည်။

အလားတူ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၆၆ ကေဗွီ တောင်ကြီး–ဟိုပုံး ဓာတ်အား လိုင်း၊ ၃၃ ကေဗွီ ဟိုပုံးနှင့် မိုင်းပွန် ဖီဒါ ဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ Jumper Connection များစစ်ဆေးခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့ကို ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ အထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေချိန်အတွင်း ဟိုပုံးမြို့ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အရေးကြီးနေရာများ၊ ဟိုပုံးမြို့၊ ကျောက်တန်းမြို့၊ မိုင်းပွန်မြို့များရှိ ရပ်ကွက် (၁၁)ရပ်ကွက်နှင့် ကျေးရွာ ၁၀၆ ရွာသည် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပိတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ အများပြည်သူများကို ကြိုတင်အကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီး ဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးအား ဝန်အား(၂) ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုင်ဘာအူတိုင် အလူမီနီယံကြိုးဖြင့် အစားထိုးလဲလှယ်

**နေပြည်တော် ဇွန် ၁၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ဓာတ်အားပေးစက်ရုံစီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှုများအား နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက်ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ မကွေး–တောင်တွင်းကြီး ဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးကို ဝန်အား(၂)ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့်ဖိုင်ဘာအူတိုင် အလူမီနီယံဓာတ်အားလိုင်းကြိုးဖြင့် ဓာတ်အားပိတ်၍ အစားထိုး လဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၇ ရက် အထိ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းတစ်ရပ်လုံး၏ ၁၉ ဒသမ ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ဆက်လက်၍ ကျန်ရှိသည့် ဓာတ်အားလိုင်းကြိုး အစားထိုး လဲလှယ်ခြင်းလုပ်ငန်းကို ၂၀၂၆ ခုနှစ်၊ ဇွန် ၁၂ ရက် နံနက် ၆ နာရီမှ ၁၅ ရက် ညနေ ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဓာတ်အားလိုင်းကြိုးလဲလှယ်ပြီးပါက မကွေးတိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှုများအား နိုင်ငံတော်ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုပို့လွှတ်နိုင်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ် လူနေအဆောက်အအုံ လေးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့်အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိပြီး ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံလေးလုံးကို ယာဉ် ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၅၆ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၂၁ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုနေရာပြမြေပုံ။

✤ ကျောဖုံးမှ

ဇွန် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ် ၁၆ စက္ကန့်က ရန်ကုန်မြို့မှ အနောက်တောင်ဘက် ၂၃ မိုင်၊ ကော့မှူးအနောက်မြောက်ဘက် တွံတေးမြို့အနီးကို ဗဟိုပြုကာ မြေအောက် အနက် ၆ မိုင်မှ မဂ္ဂနီကျူ ၄ ဒသမ ၀ အဆင့်မြေငလျင်ငယ်တစ်ခုလှုပ်ခတ်သွားကြောင်း ငလျင်အက်ပလီကေးရှင်း ဖော်ပြချက်များအရ သိရသည်။

အဆိုပါလှုပ်ခတ်မှုကြောင့် ဒေါပုံ၊ သာကေတ၊ သဃ်ာန်းကျွန်း၊ ကမာရွတ် (လှည်းတန်း)၊ လှိုင်၊ စမ်းချောင်း၊ လှိုင်သာယာ၊ အလုံနှင့် သန်လျင်မြို့နယ်များတွင် နေထိုင်သူများက ငလျင်လှုပ်ခတ်မှုကို သိသိသာသာ ခံစားခဲ့ကြရသည်။

“မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ဝန်းကျင်မှာ လှုပ်ခတ်ခဲ့တာကို သတိထားမိတယ်။ ၁၂ နာရီခွဲလောက်မှာ တစ်ခါခံစားရတယ်။ အသံပါပါတယ်။ အချိန်နည်းနည်းပဲ ကြာပေမယ့် အိမ်ကတော့ ယိမ်းထိုးသွားတာပဲ” ဟု သဃ်ာန်းကျွန်းမြို့နယ်နေ မချစ်စုက ပြောသည်။

ယခု ဇွန်လအတွင်း ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့် တမူးမြို့များအပါအဝင် မြန်မာနိုင်ငံတစ်ဝန်းတွင် ငလျင်လှုပ်ခတ်မှုအကြိမ်ရေ ၅ ကြိမ်ထက်မနည်း ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

**TWA**

■ ကျောဖုံးမှ

ဖြစ်ပေါ်ခဲ့သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တွန်းဇံမြို့နှင့် တီးတိန်မြို့များ၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးဖြစ်သော ဘိလပ်မြေ အိတ် ၂၀၀၊ သွပ်အချပ်၂၁၅၀၊ သံ ကိုးဖာနှင့် ဝါရှာကွင်း တစ်ဖာ၊ ကျောင်းသုံးသင်ရိုးညွှန်းတမ်းစာအုပ် ၂၇၂ အုပ်နှင့် ဆန်အိတ် ၈၄၀၊ ဆီ ၃၇၁ ပိဿာတို့ကို ယနေ့တွင် မန္တလေးမြို့မှ တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ရောက်ရှိလာသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံး ပစ္စည်းများ၊ ပညာရေးကဏ္ဍသုံး ပစ္စည်းများနှင့် စားသုံးကုန်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ချင်းပြည်နယ် ဖလမ်းမြို့၊ တွန်းဇံမြို့နှင့် တီးတိန်မြို့များသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

▲ ကျောဖုံးမှ

အယ်လ်နီညို ဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ နေ့အပူချိန်များမြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)က ကြီးမှူး၍ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပမည့်ရက်များ ထုတ်ပြန်

**ရန်ကုန် ဇွန် ၁၁**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အသင်းရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပမည့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ ကျပန်းစကားပြောပြိုင်ပွဲ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ ပြိုင်ပွဲများကို ဇွန် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် လည်းကောင်း၊ နောက်ဆုံးအဆင့်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ်ထိပ်ရှိ ကျောက်ဆည်မွှေ့ရုံ၌လည်းကောင်း ကျင်းပရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

## မိုးရွာသွန်းခြင်းနှင့်အတူ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၁၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



တပ်မတော်စစ်ကြောင်းများက တမူးမြို့နယ် ရန်လင်းဖိုင်ကျေးရွာအနောက်တောင်ဘက် မြန်မာ-အိန္ဒိယ နယ်စပ်အနီး အကြမ်းဖက်သောင်းကျန်းသူများအခြေပြုနေထိုင်သည့်စခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

✻ *ကျော့ဖုံးမှ*
အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းတို့ အခြေပြုနေထိုင်သည့် စခန်းအား သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်ကျဆုံးမှုများစွာဖြင့် တစ်ဖက်နိုင်ငံအတွင်းသို့ ဖရိုဖရဲ ဆုတ်ခွာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုနေထိုင်သည့် အခိုင်အမာတည်ဆောက်ထားသည့် စခန်းအား အသေးစိတ် ရှင်းလင်းခဲ့ရာ ၁၀ ပေ ပတ်လည် ဘန်ကာအပါ မောင်းတံဂိတ် တစ်ခု၊ အလျားပေ ၂၀၊ အနံ ၁၅ ပေ ခနိမိုးထရံကာလူနေအဆောက်အအုံ ခုနစ်လုံး၊ အလျားပေ ၂၀၊အနံ ၁၅ ပေသွပ်မိုးပျဉ်ကာ လူနေအဆောက်အအုံ သုံးလုံး၊ အလျားပေ ၃၀၊ အနံ ၁၅ ပေ အိပ်ဆောင်သုံးလုံး၊ (အလံခုံအပါ) အကျယ်ပေ ၄၀၀ ပတ်လည် စစ်ရေးပြကွင်းနှင့် လေ့ကျင့်ရေးကွင်း တစ်ကွင်း၊ အလျားပေ ၃၀၊ အနံ ၁၅ ပေ သွပ်မိုးပျဉ်ကာ အဆောက်အအုံတစ်ခု၊ ၁၅ ပေ ပတ်လည် ထရံကာ၊ မိုးကာမိုး ဆေးပေးခန်း တစ်ခု၊ ၁၂ ပေ ပတ်လည်ပျဉ်ကာ၊ မိုးကာမိုး အချုပ်ခန်း တစ်ခု၊ အလျားပေ ၂၀၊ အနံ ၁၅ ပေ ထမင်းစားဆောင်တစ်လုံး၊





အလျား ၁၅ ပေ၊ အနံပေ ၂၀ သွပ်မိုးပျဉ်ကာ ခဲယမ်းတိုက် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ မီးစက်တဲ တစ်လုံး၊ Tipper ကားတစ်စီး၊ loader ယာဉ်တစ်စီး၊ ကားသေး သုံးစီး၊ သုံးဘီးတစ်စီး၊ တစ်လုံးထိုး သေနတ်နှစ်လက်၊ ၆၀ မမပုံးသီး ငါးလုံး၊ လက်ကိုင်စကားပြောစက် ခုနစ်လုံး၊ မီးစက်အကြီးနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပုသိမ်မြို့၌ အိုင်အိုဒင်းဆားထုတ်လုပ်မှု အရည်အသွေးပြည့်မီရေးစစ်ဆေး

**ပုသိမ် ဇွန် ၁၁**
ဧရာဝတီတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦးသည် ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဆားလုပ်ငန်းရုံးမှ တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ ကမ်းနားလမ်းရှိ ဆားကြိတ်စက်ရုံများ အရည်အသွေးပြည့်မီရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းရေးနှင့် ဉာဏ်ရည် မြင့်မားစေရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများ ဖြစ်သည့်အတွက် စက်ရုံအတွင်း



40–60PPM၊ သိုလှောင်ရုံနှင့် လက်ကားအဆင့်တွင် 30PPM အထက်နှင့် လက်လီအဆင့်တွင် 15PPM အထက် ပါဝင်စေရေး အလေးထား ဆောင်ရွက်ပေးကြရန် မှာကြားခဲ့သည်။

တိုင်းဒေသကြီး
(ပြန်/ဆက်)

## ဇေယျာသီရိမြို့နယ် ရွှေဇေယျာသမဝါယမအသင်း၏ နွေစပါးရိတ်သိမ်း

**နေပြည်တော် ဇွန် ၁၁**
ဇေယျာသီရိမြို့နယ် စိမ်းစားပင်ကျေးရွာရှိ ရွှေဇေယျာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော အသင်းသားတောင်သူ ဦးသိန်းဝင်း၏ အောင်နိုင်တိုး နွေစပါးလေးဧက ရိတ်သိမ်းပွဲကို ဇွန် ၉ ရက်ကကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ပြီး ရိတ်သိမ်းပြီး စပါးရောင်းချရာတွင် အလေးချိန်မှန်ကန်မှုရရှိစေရေး၊ ဈေးကောင်းရရှိစေရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ဆက်လက်စိုက်ပျိုးမည့် မိုးစပါးအခြေအနေအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်ဘီ



## ဥတ္တရသီရိမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကွင်းဆင်းဆောင်ရွက်



**နေပြည်တော် ဇွန် ၁၁**
ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းထွဋ်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ရာ ကျောင်းသား ၁၃၃ ဦး ကျောင်းသူ ၁၀၆ စုစုပေါင်း ၂၃၉ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)

## ညောင်ဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်

**ညောင်ဦး ဇွန် ၁၁**
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်ဦးမြို့နယ် ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်က အခြေခံပညာ အထက်တန်းကျောင်း (ညောင်ဦး) တွင် ကွင်းဆင်းပြုလုပ်ရာ မြို့နယ်ဦးစီးမှူး ဦးစောဝဏ္ဏနှင့် တာဝန်ရှိသူများက အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric data ကောက်ယူ၍ UID ကတ်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်သည်။

ဒီပါလင်း



နိုင်ငံသာယာဝပြောဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့။

# နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်အတွင်း ဓာတ်အားဆုံးရှုံးမှုများ သိသာစွာ လျော့ကျသွားစေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးမေတ္တာရပ်ခံခြင်း

**၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်**

နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်၏ အစိတ်အပိုင်းဖြစ်သော ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတို့တွင် ထုတ်လုပ်လျှပ်စစ်ဓာတ်အား၏ ၁၈.၃၈ % ခန့် (ယူနစ် ၃၅၅၉ သန်းခန့်) မှာ ပျမ်းမျှအားဖြင့် နှစ်စဉ် ဆုံးရှုံးလျက်ရှိပါသည်။

ယင်းသို့ ဆုံးရှုံးနေမှုများဖြစ်ပေါ်နေသည့်အတွက် လျှပ်စစ်သုံးစွဲလိုသည့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခြင်းမရှိသည့်အပြင် နိုင်ငံတော်နှင့် ပြည်သူများ၏ ဘဏ္ဍာငွေများလည်း နေ့စဉ်နှင့်အမျှ ဆုံးရှုံးမှုများဖြစ်ပေါ်စေလျက်ရှိပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာဆုံးရှုံးမှုနှင့် လူတို့၏မသမာမှုများကြောင့် ဖြစ်ပေါ်နေသည့်ဆုံးရှုံးမှုများကို လျှော့နည်းပပျောက်စေရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နည်းပညာဆိုင်ရာဆုံးရှုံးမှုများကို နိုင်ငံတကာတွင် လက်ခံထားသည့် ပျောက်ဆုံးမှုရာခိုင်နှုန်း စံနှုန်းထားများအတိုင်း ရှိစေရေးအတွက် နည်းပညာပိုင်းဆိုင်ရာ မြှင့်တင်မှုများဆောင်ရွက်ခြင်း၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများကို ပုံမှန်ထိန်းသိမ်းခြင်း၊ Smart မီတာများ တပ်ဆင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်သည့်စနစ်များ အသုံးပြုခြင်းနည်းလမ်းများဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အတူ လူတို့၏ မသမာမှုများကြောင့် ဖြစ်ပေါ်နေသည့် ဆုံးရှုံးမှုများကိုလည်း ဖော်ထုတ်၍ ဥပဒေနှင့် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ထိရောက်စွာ ဟန့်တားအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် ကိုယ်တိုင်ပြုလုပ်လျက်ရှိသည့် မသမာမှုများအား ရပ်တန့်ခြင်း၊ အခြားသူများပြုလုပ်နေသည်ကို တွေ့ရှိရပါကလည်း တားဆီးခြင်း၊ တိကျစွာ သတင်းပေးတိုင်ကြားခြင်း၊ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ သုံးစွဲခြင်းနှင့် အကြံဉာဏ်များပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မိဘပြည်သူများသို့ အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) – ၀၆၇–၃၄၁၀၀၇၂
- ❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) – ၁၇၁၇
- ❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (MESC) – ၁၆၁၆
  ၀၂–၄၀၃၉၃၃၀၊၀၂–၄၀၇၃၆၆၆၊၀၂–၄၀၇၂၆၁၈(Hot Line)
- ❖ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များ – ဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော https://www.moep.gov.mm တွင် ဆက်သွယ်ရန်ဖုန်းနံပါတ်များကို ရယူ၍ ဆက်သွယ်နိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉–၆–၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် –

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့ နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သင်္ဘောဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်



**နေပြည်တော် ဇွန် ၁၁**

၂၀၂၆ ခုနှစ် ဇွန် ၁၁ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ၊ ၁၅ မိနစ်၊ ၁၆ စက္ကန့် အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဒေးဒရဲမြို့၏ မြောက်–အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၅၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၄ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။



## ပုလောမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ဆောင်ရွက်ပေး

**ပုလော ဇွန် ၁၁**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်က ပုလောမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ ကွင်းဆင်း၍ ဆောင်ရွက်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းနှင့် အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ကြီးမြို့နယ်၌ “လမင်းစီမံချက်” ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**ကျောက်ကြီး ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ယမန်နေ့က မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဆွေလွင်ဦးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်နှင့် အသက် ၁၈ နှစ်အကြား ကိုင်ဆောင်လက်မှတ်မရှိသူများနှင့် အသက် ၁၈ နှစ်အထက် ကိုင်ဆောင်လက်မှတ်မရှိသူ ကျောင်းသားကျောင်းသူ ၆၀ အား နိုင်ငံသားစိစစ်ရေးကတ်များကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


**မြို့နယ်(ပြန်/ဆက်)**



# အိန္ဒိယသမုဒ္ဒရာ၌ ဝေလငါးသင်္ချိုင်းကြီးကို ရှာဖွေတွေ့ရှိ

**ပေကျင်း ဇွန် ၁၁**

သိပ္ပံပညာရှင်များသည် သမုဒ္ဒရာကြမ်းပြင်ပေါ်တွင် ကမ္ဘာ့အနက်ဆုံးနှင့် အကြီးမားဆုံး ဝေလငါးအကြွင်းအကျန်များ စုဝေးတည်ရှိနေသည့် နေရာတစ်ခုကိုရှာဖွေတွေ့ရှိခဲ့ကြပြီး ယင်းနေရာကို "Whale Necropolis" (ဝေလငါးသင်္ချိုင်းကြီး) ဟု ခေါ်ဆိုခဲ့ကြသည်။



အိန္ဒိယသမုဒ္ဒရာ အရှေ့တောင်ပိုင်းရှိ ဒိုင်ယာမန်တီနာဇုန်အတွင်း အနက် မီတာ ၇၀၀၀ ခန့်ရှိသော နေရာ၌တွေ့ရှိခဲ့သည့် အဆိုပါရှာဖွေတွေ့ရှိမှုတွင် ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းများနှင့် အနည်းဆုံး နှစ်ပေါင်း ၅ ဒသမ ၃ သန်းကြာ ဖွဲ့စည်းတည်ရှိလာခဲ့သော whale-fall (ဝေလငါးသေကောင်များကို မှီခိုနေထိုင်သည့်) ဂေဟစနစ်များ ပါဝင်ကြောင်း သိရသည်။

တရုတ်၊ အီတလီနှင့် နယူးဇီလန်နိုင်ငံတို့မှ သိပ္ပံပညာရှင်များ ပူးပေါင်းဆောင်ရွက်ခဲ့သည့် အဆိုပါသုတေသနကို ကမ္ဘာကျော် Nature သိပ္ပံဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့သည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ အယ်နီညို သက်ရောက်နိုင်ခြေရှိသဖြင့် ရေချွေတာသုံးစွဲကြရန် လယ်သမားများကိုတိုက်တွန်းထား

**ကိုလံဘို ဇွန် ၁၁**

သီရိလင်္ကာနိုင်ငံ၌ အယ်လ်နီညို အခြေအနေ သက်ရောက်နိုင်ခြေရှိမှုအတွက် ကြိုတင်ပြင်ဆင်လျက်ရှိရာ လယ်သမားများ အနေဖြင့် ရေကိုချွေတာသုံးစွဲကြရန် နိုင်ငံ၏ စိုက်ပျိုးရေးဌာနက ဇွန် ၁၁ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးဌာန ညွှန်ကြားရေးမှူးချုပ် သုရှာရာဝစ်ခရာမာရာချ်ချီက ကြိုတင်ပြင်ဆင်မှုတစ်ရပ်အနေဖြင့် ကာလတိုသီးနှံများကိုသာ စိုက်ပျိုးကြရန် လယ်သမားများအား အကြံပြုထားသည်။

သီးနှံစိုက်ပျိုးသည့် ကာလအတွင်း ရေကိုအကျိုးရှိစွာအသုံးချရန်နှင့် စိုက်ပျိုးရေးအရာရှိများ၏ အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ရာသီဥတုအခြေအနေ ပြောင်းလဲလာပါက လယ်သမားများထံ လိုအပ်သည့် အကြံဉာဏ်များနှင့် လမ်းညွှန်ချက်များ ပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အယ်လ်နီညို အခြေအနေ ဆက်လက်အားကောင်းလာပါက ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် သီရိလင်္ကာနိုင်ငံ၌ မိုးရွာသွန်းမှုနည်းပါးပြီး မိုးခေါင်မှုအခြေအနေများနှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း မိုးလေဝသဌာနမှအဆင့်မြင့် အရာရှိတစ်ဦးက ပြီးခဲ့သည့်သီတင်းပတ်အတွင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

# ဖိလစ်ပိုင်ငလျင်ကြောင့် သေဆုံးသူ ၄၇ ဦးထက်မနည်းရှိ၊ ပျောက်ဆုံးသူ ၃၀ ကျော်နှင့် ဒဏ်ရာရရှိသူ ၆၈၀ ကျော်လာ

**မနီလာ ဇွန် ၁၁**

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာအို၏ ကမ်းရိုးတန်းတောင်ပိုင်း၌ ဇွန် ၈ ရက်က ပြင်းအား ၇ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၄၇ ဦးထက်မနည်း ရှိပြီး ပျောက်ဆုံးသူ ၃၁ ဦးနှင့် ဒဏ်ရာရရှိသူ ၆၈၈ ဦးရှိကြောင်း အမျိုးသားဘေးအန္တရာယ် လျော့ပါးရေးနှင့် စီမံခန့်ခွဲမှုကောင်စီ (NDRRMC) က ဇွန် ၁၁ ရက်တွင် ထုတ်ပြန်သည်။



ငလျင်လှုပ်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ ဂျင်နရယ်ဆန်းတို့စ်မြို့၌ အဆောက်အအုံတစ်ခု ပြိုကျပျက်စီးနေသည်ကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။

ငလျင် လှုပ်ခတ်မှုကြောင့် အိမ်ထောင်စု ၇၅၃၀၀ ကျော်၊ လူပေါင်း ၃၄၆၀၀၀ ကျော် ထိခိုက်ခံစားခဲ့ရပြီး ဒေသခံ ၄၅၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။ ထို့ပြင် နေအိမ် ၁၂၆၀၀ ကျော် ပျက်စီးခဲ့ပြီး လမ်းတံတားများ၊ လေဆိပ်နှင့် ဆိပ်ကမ်းများအပြင် စိုက်ပျိုးမွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍများလည်း ထိခိုက်ခဲ့သည်။ ထို့အပြင် မြို့နှင့် မြို့ပြဒေသ ၄၈ခုတွင် လျှပ်စစ်ဓာတ်အားဝန်ဆောင်မှုများ ပြတ်တောက်ခဲ့ကြောင်း ကောင်စီက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# အီဘိုလာရောဂါကာကွယ်ရေးအစီအမံအသစ်များ ယူဂန်ဒါ ထုတ်ပြန်

**ကမ်ပါလာ ဇွန် ၁၁**

ယူဂန်ဒါနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက အီဘိုလာရောဂါ ထပ်မံမပြန့်ပွားစေရေးအတွက် ကာကွယ်ရေးအစီအမံအသစ်များကို ဇွန် ၁၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ လက်ရှိ အီဘိုလာရောဂါဖြစ်ပွားမှု၏ အဓိကဗဟိုချက်ဖြစ်သော ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်းဒေသနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် ခရိုင်အားလုံးသို့ အီဘိုလာရောဂါကာကွယ်ရေး လမ်းညွှန်ချက်များကို ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ခရစ်ဘာရိုမန်စီက ပြောကြားသည်။

ဘာရိုမန်စီက မင်္ဂလာပွဲများ၊ ဈေးနေ့များအပါအဝင် လူအများစုဝေးသည့် အခမ်းအနားများကို ယာယီရပ်ဆိုင်းထားကြောင်း၊ ထို့ပြင် ကျောင်းများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကာကွယ်ရေး လမ်းညွှန်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။

ယူဂန်ဒါနိုင်ငံတွင် လွန်ခဲ့သည့် ငါးရက်အတွင်း အီဘိုလာရောဂါကူးစက်မှုအသစ် တစ်ခုမျှမတွေ့ရှိရသေးကြောင်းနှင့် လက်ရှိ အချိန်အထိ အတည်ပြုကူးစက်ခံရသူ စုစုပေါင်း ၁၉ ဦးရှိပြီး ယင်းတို့အနက် နှစ်ဦး သေဆုံးခဲ့သည်။

ဆင်ဟွာ

# အင်ဒိုနီးရှား၌ ကားထုတ်လုပ်ရေးစင်တာ ဆောက်မည်

**ဂျကာတာ ဇွန် ၁၁**

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ တစ်နှစ်လျှင် ကားအစီးရေ ၃၀၀၀၀၀ အထိ ထုတ်လုပ်နိုင်မည့် အမျိုးသားကားထုတ်လုပ်ရေး ဗဟိုစင်တာတစ်ခုကို တည်ဆောက်သွားရန် စီစဉ်ထားကြောင်း ကာကွယ်ရေးဝန်ကြီး ရှက်ဖရီ ရှမ်ဆိုဒင်းက ပြောကြားသည်။ဆူဘန်းမြို့ရှိ ထုတ်လုပ်ရေးစက်ရုံများ၊ မော်တော်ယာဉ် အင်ဂျင်နီယာနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာများ၊ မြေပြင်လက်တွေ့ စမ်းသပ်ရေးနေရာများကို လာရောက်စစ်ဆေးပြီးနောက် ဇွန် ၁၀ ရက်တွင် ကာကွယ်ရေးဝန်ကြီး ရှက်ဖရီက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါစီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကနဦးအဆင့်တွင် နှစ်စဉ် ကားအစီးရေ ၅၀၀၀၀ ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ဗီယက်နမ်တွင် ငါးလအတွင်း သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ ငါးသောင်းကျော်ရှိ

**ဟန္နိုင်း ဇွန် ၁၁**

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် ပထမငါးလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၅၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ယမန်နှစ် အလားတူ ကာလထက် ၂ ဒသမ ၅ ဆ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ဗီယက်နမ်သတင်းအေဂျင်စီက ဇွန် ၁၁ ရက်တွင် ဖော်ပြထားသည်။

ကျွမ်းကျင်သူများ၏ ပြောကြားချက်အရ ပုံမှန်မဟုတ်သည့် ရာသီဥတုပုံစံများ၊ စိုထိုင်းဆမြင့်မားသည့် အခြေအနေများ၊ မကြာခဏ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ယခုနှစ်အစပိုင်းမှစတင်၍ အေဒီးစ်ခြင်များ ပေါက်ပွားရန် သင့်လျော်သည့် ပတ်ဝန်းကျင်အခြေအနေများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# တရုတ်နိုင်ငံက ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုတစ်စင်း လွှတ်တင်

**ပေကျင်း ဇွန် ၁၁**

တရုတ်နိုင်ငံသည် ဇွန် ၁၁ ရက်က ဟိုင်နန်ပြည်နယ်ရှိ ဝင်ချန် (Wenchang) အာကာသလွှတ်တင်ရေးစခန်းမှ ဆက်သွယ်ရေးနည်းပညာ စမ်းသပ်ဂြိုဟ်တုအသစ်တစ်စင်းကို အာကာသထဲသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ ပေကျင်းစံတော်ချိန် ညနေ ၃ နာရီခွဲတွင် Long March-5 ဒုံးပျံဖြင့် လွှတ်တင်ခဲ့သော အဆိုပါဂြိုဟ်တုသည် သတ်မှတ်ထားသော ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်သွားခဲ့သည်။

အဆိုပါဂြိုဟ်တုကို ဆက်သွယ်ရေးနည်းပညာအသစ်များ အထူးသဖြင့် လှိုင်းနှုန်းမျိုးစုံနှင့် မြန်နှုန်း မြင့်ဆက်သွယ်ရေးစနစ်များကို စမ်းသပ်စစ်ဆေးရန် အဓိကအသုံးပြုသွားမည်ဖြစ်သည်။ ယခုလွှတ်တင်မှုသည် Long March ဒုံးပျံများ အသုံးပြုဆောင်ရွက်ခဲ့သည့် အကြိမ် ၆၅၀ မြောက် မစ်ရှင်လည်းဖြစ်သည်။

ဆင်ဟွာ



# အပူလွန်ကဲမှုနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်အသစ် WHO ထုတ်ပြန်

**ဘာလင် ဇွန် ၁၁**

အပူလွန်ကဲမှုနှင့်ကျန်းမာရေးဆိုင်ရာလုပ်ဆောင်မှု လမ်းညွှန်ချက်အစီအစဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဥရောပဒေသတွင်းဆိုင်ရာရုံးက ဇွန် ၁၁ ရက်တွင် ထုတ်ပြန်သည်။ အပူဒဏ်ကိုထိရောက်စွာကာကွယ်နိုင်ရေး ကမ္ဘာ့အနှံ့ရှိ အစိုးရများအတွက် သိပ္ပံနည်းကျမူဘောင်များကိုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထောက်ပံ့ထားသည်။

ပြင်းထန်သည့် အပူချိန်ကြောင့် နှစ်စဉ်အပူဒဏ်နှင့် သက်ဆိုင်သည့် ကျန်းမာရေးပြဿနာများဖြစ်ပွားမှုများပြားလာပြီး အရွယ်မတိုင်မီသေဆုံးမှုများလည်း တိုးလာကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ အထူးသဖြင့် နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများသည် အပူဒဏ်သက်ရောက်မှုအောက်တွင် မကြာခဏဖြစ်ပွားခြင်း၊ ပိုမိုတိုးမြင့်ဖြစ်ပွားခြင်းတို့ရှိလာကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ ဆင်ဟွာ

● *ကျောဖုံးမှ*

မထိသာ ကျေးရွာနှင့် မင်းခေါင် ကျေးရွာများကို ထပ်မံသိမ်းပိုက်ရရှိခဲ့ပြီး အဆိုပါကျေးရွာများရှိ ပြည်သူများ၏ နေအိမ်များ၊ ဘာသာရေး အဆောက်အအုံများ၊ ပြည်သူပိုင် အဆောက်အအုံများ၌ သဲအိတ်များဖြင့် ဘန်ကာများ တည်ဆောက်၍ လည်းကောင်း၊ ကျေးရွာများအတွင်း မိုင်းများ ထောင်ထား၍ လည်းကောင်း၊ ခြံဝင်းများအတွင်း ခံစစ်ကျင်းများ တူးဖော်၍လည်းကောင်း အခိုင်အမာ ခံစစ်ဆင်၍ စစ်စခန်းများအဖြစ် အသုံးချထားသည်ကို တွေ့ရှိရသည်။


**နယ်မြေလုံခြုံရေးဆောင်ရွက်**

တပ်မတော်စစ်ကြောင်းများ အနေဖြင့် ဒေသခံပြည်သူများ အမြန်ဆုံး ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါ ကျေးရွာများနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တပ်မတော်စစ်ကြောင်းများက မထိသာရွာအတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံနှင့် သာသနိက အဆောက်အအုံတို့ကို ပြန်လည်သိမ်းပိုက်ရရှိ။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာခံစစ်စခန်းတည်ဆောက်ကာ နေထိုင်လျက်ရှိသော ငါးလုံးတင်၊ မထိသာ၊ မင်းခေါင်ရွာများရှိ PDF အမည်ခံအကြမ်းဖက်သမားများအား အပြီးတိုင် တိုက်ခိုက်ချေမှုန်းခဲ့သည့် မြေပုံမှတ်တမ်း။



မထိသာရွာအတွင်း အကြမ်းဖက် သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာ အဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။



မင်းခေါင်ရွာအတွင်း အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။



ငါးလုံးတင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ စစ်စခန်းချ အခိုင်အမာ ဆောက်လုပ်ထားသည့် ကွန်ကရစ်ဘန်ကာအား တွေ့ရစဉ်။

## စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် ချင်းပြည်နယ်အတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ဟုမ္မလင်း တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများ က အောင်သပြေခက်များဖြင့် လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကာလိမြို့၌ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

**ကာလိ ဇွန် ၁၁**

ခိုလမ်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာဝေဝေမွန် ဦးဆောင်သော ခွဲစိတ်ရောဂါအထူးကု၊ သားဖွားနှင့်မီးယပ် အထူးကု၊ အထူးကု(ခေတ်မှန်)၊ အထွေထွေရောဂါ ဆရာဝန်နှင့် ကျွမ်းကျင်ဆေးအဖွဲ့ဝင်များ ပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့သည် ဇွန် ၁၀ ရက်မှစတင်၍ ကာလိမြို့ နမ့်ခုံးခန်းမ၌ ပြည်သူများအား အခမဲ့ရောဂါရှာဖွေ စမ်းသပ်စစ်ဆေးကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဆောင်ရွက်ပေးခဲ့ပြီး ကာလိမြို့အတွင်းရှိ ရောဂါဝေဒနာရှင် ခွဲစိတ်လူနာ ၄၆ ဦး၊ သားဖွားမီးယပ် လူနာ ၂၀၊ Ultrasound ကြည့် လူနာ ၅၈ ဦးနှင့် အထွေထွေရောဂါလူနာ ၁၁၀ စုစုပေါင်း လူနာ ၂၃၄ ဦးကို အခမဲ့ ကုသပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ၌ တိုက်နယ်ဆေးရုံ ပန္နက်တင်မင်္ဂလာကျင်းပ

**မအူပင် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာ၌ တိုက်နယ်ဆေးရုံပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ လေးအိမ်စုဆရာတော်အရှင်ဝိစိတ္တသာရမှ တိုက်နယ်ဆေးရုံ တည်ဆောက်မည့်မြေနေရာအား အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်၍ ဆရာတော်အရှင်ဝိစိတ္တသာရနှင့် မဟာသတိပဋ္ဌာန်ကျောင်း ဆရာတော် ဦးပညာသာရ ဦးဆောင်မှုဖြင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ဆေးရုံအုပ်ကြီးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက မင်္ဂလာပန္နက်ရိုက်ကြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

## ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ် ဘာသာရပ်များ အတွက် အတွေးတစ်စ (အပိုင်း-၂၉)

# ကမ္ဘာ့နာမည်ကြီး ဘက်စုံသင်တက္ကသိုလ်များ

ဒေါက်တာမျိုးကြွယ်
(ပါမောက္ခချုပ် - ငြိမ်း)

ဩစတြေးလျနိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပညာရေးတို့ နှစ်စဉ်တိုးတက်ပြောင်းလဲလာမှုအပေါ် မူတည်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာ သင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို အမိနိုင်ငံအတွက် အုပ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

ဘက်စုံသင်တက္ကသိုလ်ဆိုသည်မှာ ပညာရပ်မျိုးစုံ၊ သုတေသနလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းပညာများ၊ နည်းပညာများနှင့် လူမှုဝန်ဆောင်မှုလုပ်ငန်းများကို တက္ကသိုလ်တစ်ခုအတွင်း ပေါင်းစည်းဖွင့်လှစ်၊ သင်ကြား၊ သုတေသနပြုနေသော အဆင့်မြင့်ပညာရေးအဖွဲ့အစည်းကို ဆိုလိုပါသည်။


ဥပမာအားဖြင့် ကမ္ဘာကျော် ဘက်စုံသင်တက္ကသိုလ်များမှာ - ဟားဗတ်တက္ကသိုလ် အမေရိကန်နိုင်ငံ (Harvard University, US)၊ အောက်စ်ဖို့တက္ကသိုလ်၊ ယူကေ(University of Oxford, United Kingdom)၊ တိုကျိုတက္ကသိုလ်၊ ဂျပန်နိုင်ငံ(University of Tokyo, Japan)၊ စင်ကာပူအမျိုးသားတက္ကသိုလ်၊ စင်ကာပူနိုင်ငံ(National University of Singapore, Singapore)၊ ကွင်းစလန်တက္ကသိုလ်၊ ဩစတြေးလျနိုင်ငံ (University of Queensland, Australia) တို့ ဖြစ်ကြပါသည်။

၎င်းတက္ကသိုလ်များသည် သင်ကြားရေး၊ သုတေသန၊ ဆန်းသစ်တီထွင်မှု၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ လူမှုဝန်ဆောင်မှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့ကို အားကောင်းစွာဆောင်ရွက်နိုင်သောကြောင့် ကမ္ဘာအနှံ့ ကျော်ကြားကြပါသည်။

**ဘက်စုံသင်တက္ကသိုလ်များ၏ အဓိကလက္ခဏာများ**

**၁။ ပညာရပ်မျိုးစုံရှိခြင်း။** ဘက်စုံတက္ကသိုလ်များတွင် စိုက်ပျိုးမွေးမြူရေး၊ အင်ဂျင်နီယာ၊ ဆေးပညာ၊ တိရစ္ဆာန်ဆေးပညာ၊ စီးပွားရေး၊ ပညာရေး၊ သတင်းအချက်အလက်နည်းပညာ၊ ပတ်ဝန်းကျင်သိပ္ပံ၊ ဂီတ၊ ဝိဇ္ဇာ၊ အနုပညာနှင့် လူမှုသိပ္ပံ၊ ဥပဒေ၊ သဘာဝသိပ္ပံစသည်တို့ဖြစ်ပြီး ကျောင်းသား ကျောင်းသူများသည် တက္ကသိုလ်တစ်ခုအတွင်း ပညာရပ်မျိုးစုံကို လေ့လာနိုင်သည်။

**၂။ ဘွဲ့ဒီဂရီအဆင့်အမျိုးမျိုး ဖွင့်လှစ်ထားခြင်း။** ဘက်စုံတက္ကသိုလ်များတွင် ဒီပလိုမာ၊ ဘွဲ့ကြိုဒီဂရီ၊ ဘွဲ့လွန်မဟာဒီဂရီ၊ ပါရဂူဘွဲ့ဒီဂရီ၊ အသက်မွေးဝမ်းကျောင်းလက်မှတ်ရသင်တန်း (Professional Certificate)၊ စဉ်ဆက်မပြတ် ပညာရေး၊ ဘဝတစ်သက်တာပညာရေး စသည့်အဆင့်အမျိုးမျိုးကို သင်ကြားပေးပါသည်။ ထို့ကြောင့် လူတစ်ဦး၏ ဘဝတစ်လျှောက်လုံး ပညာဆက်လက်သင်ယူနိုင်စေပါသည်။




ကမ္ဘာ့နာမည်ကြီး ဘက်စုံသင်တက္ကသိုလ်ပုံစံ။

**၃။ သုတေသနပညာ အားကောင်းခြင်း။** ၎င်းတက္ကသိုလ်များက ဥပမာ - သိပ္ပံသုတေသန၊ စိုက်ပျိုးရေးသုတေသန၊ စက်မှုလယ်ယာနှင့် ရေသွင်းနည်းပညာသုတေသန၊ သီးနှံများ ကြိတ်ခွဲခြင်းနှင့် ရိတ်သိမ်းခြင်းဆိုင်ရာ သုတေသန၊ ဆေးဘက်ဆိုင်ရာ သုတေသန၊ ရာသီဥတုပြောင်းလဲမှုသုတေသန၊ နည်းပညာတီထွင်မှု၊ လူမှုစီးပွားရေးသုတေသန၊ စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု စသည်တို့ကို ဆောင်ရွက်နေကြပါသည်။

၎င်းသုတေသနများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါသည်။ စုစုပေါင်း ဘွဲ့ကြို၊ ဘွဲ့လွန်၊ ပြည်တွင်း ပြည်ပ ကျောင်းသားကျောင်းသူဦးရေ နှစ်သောင်းနှင့်အထက်ရှိပြီး ဘွဲ့လွန်အရေအတွက်က စုစုပေါင်းကျောင်းသားများ၏ သုံးပုံ တစ်ပုံအထက် ရှိလေ့ရှိပါသည်။ (တစ်နည်းအားဖြင့်သုတေသနဦးစားပေးထားသောတက္ကသိုလ် Research-focused/Research-based University ဖြစ်ပါသည်။) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်တွင် စုစုပေါင်းကျောင်းသားဦးရေ ခုနစ်သောင်းကျော်အနက် ဘွဲ့လွန်ကျောင်းသား ကျောင်းသူ သုံးသောင်းနီးပါးက သုတေသနပြု လေ့လာလျက်ရှိနေပါသည်။

**၄။ ပညာရပ်ပေါင်းစုံပူးပေါင်းသင်ကြားမှု။** ဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြသည်။ ဥပမာ- စိုက်ပျိုးရေး + ရာသီဥတုသိပ္ပံ၊ ဇီဝနည်းပညာ (Biotechnology) + ဆေးပညာ၊ ဉာဏ်ရည်တု + အင်ဂျင်နီယာပညာ၊ စီးပွားရေး + ပတ်ဝန်းကျင်ပညာ။ ၎င်းပေါင်းစပ်ပညာရပ်များက ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရာတွင် အထောက်အကူဖြစ်စေပါသည်။

**၅။ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု။** ကမ္ဘာကျော် ဘက်စုံသင်တက္ကသိုလ်များသည် ကျောင်းသား ကျောင်းသူများ အပြန်အလှန်လဲလှယ် သင်ကြား၊ သုတေသနပြုလုပ်နိုင်မှု၊ တက္ကသိုလ်အချင်းချင်း ပူးတွဲသုတေသနများ၊ နိုင်ငံတကာပညာရှင်များ ဖိတ်ခေါ်သင်ကြား၊ သုတေသနပြုစေမှု၊ နိုင်ငံတကာ ပညာရပ်ဂျာနယ်များ ထုတ်ဝေမှု၊ ကမ္ဘာ့အဆင့်မြင့် ပညာရေးကွန်ရက်များတွင် ပါဝင်မှုများကို ဆောင်ရွက်ကြပါသည်။

**၆။ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုစနစ်ကြီးမားခြင်း။** အများအားဖြင့် ကမ္ဘာ့အဆင့်မီ စာကြည့်တိုက်ကြီးများ၊ သုတေသနဓာတ်ခွဲခန်းများ၊ နိုင်ငံအနှံ့ ဒေသ၊ ရေမြေ၊ ရာသီဥတုမတူညီသော နေရာများတွင် နယ်မြေခွဲ၊ စမ်းသပ်စိုက်ခင်းများ၊ သင်ကြားရေးဆေးရုံများ၊ တီထွင်သုတေသနနေရာ၊ သီးသန့်အဆောက်အအုံများ၊ ပြတိုက်များ၊ အားကစားကွင်းများ၊ သီးသန့်အနုပညာ၊ ဂီတအဆောက်အအုံများ၊ ဒီဂျစ်တယ်လေ့လာရန်စနစ်များ၊ ကျောင်းသား ကျောင်းသူ၊ ဆရာ၊ သုတေသနပညာရှင်သုံး ကွန်ပျူတာအခန်းများ၊ စာရေးကိရိယာ ရောင်းချသောဆိုင်၊ အစားအစာ၊ ကော်ဖီဆိုင်နှင့် အပန်းဖြေ အခန်းများစသည်ဖြင့် စုံလင်လှပါသည်။

ဘာကြောင့် ကမ္ဘာကျော်ပြီး နာမည်ကြီးသလဲ

**၁။ ပညာရေးအရည်အသွေးမြင့်မားခြင်း။** ထူးချွန်သော ပါမောက္ခများ၊ သုတေသနပညာရှင်များ၊ ကျောင်းသား ကျောင်းသူများစွာကို ဆွဲဆောင်နိုင်ပါသည်။

**၂။ သုတေသနဆောင်ရွက်၊ ထုတ်လုပ်မှုအားကောင်းခြင်း။** ၎င်းနိုင်ငံတကာဘက်စုံသင်တက္ကသိုလ်များမှ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး အကျိုးပြုသုတေသနစာတမ်းများ၊ သိပ္ပံရှာဖွေတွေ့ရှိမှုများ၊ နည်းပညာအသစ်များ၊ ဆေးဝါးနှင့် ကာကွယ်ဆေးများ ထွက်ပေါ်လာကြပါသည်။

**၃။ ကျွမ်းကျင်လူသားအင်အား / ပညာရှင်များ မွေးထုတ်ပေးနိုင်ခြင်း။** ကမ္ဘာကျော်သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဆရာဝန်များ၊ ထူးချွန်ဆရာ ဆရာမများ၊ စိုက်ပျိုးမွေးမြူရေးပညာရှင်များ၊ အစိုးရခေါင်းဆောင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များစွာ ထွက်ပေါ်လာကြသည်။ ဥပမာ - အမေရိကန်သမ္မတဟောင်း ဘာရက်အိုဘားမားသည် အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်၊ ပါကစ္စတန်မှ အမျိုးသမီးငယ် မာလာလာယိုဆက်ဇိုင်သည် ယူကေနိုင်ငံ အောက်စ်ဖို့တက္ကသိုလ်၊ ကမ္ဘာကျော် စိမ်းရောင်တော်လှန်ရေး၊ နိုဘယ်ဆုပညာရှင် ဒေါက်တာနိုမာန်ဘော့လော့သည် အမေရိကန်နိုင်ငံ မနီဆိုတာတက္ကသိုလ်၊ အိန္ဒိယမှ ဆန်စပါးစိုက်ပျိုးရေးပညာရှင် ဒေါက်တာဆွာမိနာသန်သည် အိန္ဒိယစိုက်ပျိုးရေးသုတေသနတက္ကသိုလ်၊ နယ်သာလန်နိုင်ငံ ဗာဂန်နိဂန် သုတေသနတက္ကသိုလ်နှင့် ယူကေနိုင်ငံ ကိန်းဘရစ်တက္ကသိုလ်တို့တွင် ပညာသင်ကြားခဲ့သူများဖြစ်ပါသည်။

**၄။ ဆန်းသစ်တီထွင်မှုနှင့် နည်းပညာဖွံ့ဖြိုးမှုရှိခြင်း။** ကမ္ဘာကို ပြောင်းလဲစေသော နည်းပညာများစွာ ဥပမာ-အင်တာနက်နည်းပညာ၊ ဉာဏ်ရည်တု၊ စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာ၊ သီးနှံမျိုးကောင်းမျိုးသန့်များ၊ ရောဂါကာကွယ်ဆေးနှင့် ဆေးဝါးများသည် ၎င်းဘက်စုံသင်တက္ကသိုလ်များမှ စတင်ပေါ်ပေါက်လာပါသည်။

**၅။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါနေခြင်း။** ဘက်စုံသင်တက္ကသိုလ်များသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးမွေးမြူရေးနည်းပညာများတိုးတက်ရေး၊ *စာမျက်နှာ ၁၇ သို့*

> **"အနာဂတ်တွင် ဘက်စုံသင်တက္ကသိုလ်များသည် ဒီဂျစ်တယ်ပညာရေး၊ ဉာဏ်ရည်တု အခြေပြုလေ့လာရေး၊ ရာသီဥတုအခြေခံသုတေသန၊ ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်သော စိုက်ပျိုးမွေးမြူရေး၊ စိမ်းလန်းလှပသော၊ ပတ်ဝန်းကျင်ပျက်စီးမှု နည်းပါးစေသော တက္ကသိုလ်နယ်မြေများ၊ အွန်လိုင်းဖြင့် နိုင်ငံတကာဆက်သွယ်ရေး၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် တက္ကသိုလ်များ ပူးတွဲဆောင်ရွက်မှုများသို့ ဦးတည်လာမည်"**




နယ်သာလန် ဗာဂန်နိဂန် စိုက်ပျိုးမွေးမြူရေး၊ ပတ်ဝန်းကျင်ဘက်စုံသင် သုတေသနတက္ကသိုလ်ပုံစံ။

## ကျောက်မဲမြို့နယ်၌ ကြက်လည်လိမ်ရောဂါကာကွယ်ရေးဆောင်ရွက်



**ကျောက်မဲ ဇွန် ၁၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်းရှိ ဒေသကြက်မွေးမြူရေးခြံများသို့ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ရာ ကျောက်မဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာဝေမာထွန်းနှင့် ဝန်ထမ်းများက အမှတ်(၉) ရပ်ကွက်ရှိ ဒေသကြက်မွေးမြူသူ တောင်သူ လေးဦး၏ ခြံများသို့ သွားရောက်ကာ ဒေသကြက်များအား အပူဒဏ်ခံ လည်လိမ်ရောဂါကာကွယ်ဆေး ($I_2$) ကို မျက်စဉ်းခတ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး

**သရက်ချောင်း ဇွန် ၁၁**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဌေးမောင်က အသိပညာပေးဟောပြောသည်။ **ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**



## HSBC Championships တင်းနစ် ကွာတားဖိုင်နယ် ကမ္ဘာ့အဆင့် (၆) အနီဆီမိုဗာ တက်ရောက်



ကမ္ဘာ့အဆင့် (၆) ရှိ အမေရိကန်ထိပ်တန်းတင်းနစ်မယ် အမန်ဒါအနီဆီမိုဗာသည် HSBC Championships တင်းနစ်ပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဂျာမနီတင်းနစ်မယ် လော်ရာဆေဂီမွန်ဒ်ကို ၆-၁၊ ၇-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်သည်။

လော်ရာသည် ၃၂ ဦးအဆင့်တွင် ဗြိတိန်တင်းနစ်မယ် ဖရန်ဆီကာဂျုန်းစ်ကို ၆-၂၊ ၆-၃ ရလဒ်ဖြင့် အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော်လည်း ၁၆ ဦးအဆင့်တွင် အနီဆီမိုဗာကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။ အနီဆီမိုဗာသည် မေလအတွင်း ယှဉ်ပြိုင်ခဲ့သည့် ပြင်သစ်အိုးပင်းပြိုင်ပွဲတွင် တတိယအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။

၎င်းသည် ယခုပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် တစ်နိုင်ငံတည်းသူ အီဗာယိုဗစ်ချ်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ယိုဗစ်ချ်သည် ၁၆ ဦးအဆင့်တွင် နာမည်ကျော်ဖိလစ်ပိုင်တင်းနစ်မယ် အယ်လာကို ၆-၂၊ ၆-၂ ရလဒ်ဖြင့် အနိုင်ယူကျော်ဖြတ်ကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူဖြစ်သည်။

HSBC Championships တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၂) ရှိ ကာဇက်စတန်တင်းနစ်မယ် အီလန်နာ ရှိုင်ဘာကီနာအပါအဝင် ဗြိတိန်နံပါတ်တစ်တင်းနစ်မယ် အမ်မာရာဒူကာနူ၊ ဆွစ်ဇာလန်နာမည်ကြီးတင်းနစ်မယ် ဘင်းဆစ်၊ ရှိမေးနီးယားထိပ်တန်းတင်းနစ်မယ် ဆိုရာနာ ဆာစီတီယာတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ကွာတားဖိုင်နယ်တွင် ဆာစီတီယာနှင့် ရာဒူကာနူ၊ ဒတ်သ်နှင့် ရာခီမိုဗာ၊ ရှိုင်ဘာကီနာနှင့် မာရီယာ၊ ခရစ္စတီယန်နှင့် ဘော်လ်တာ၊ ယိုဗစ်ချ်နှင့် အနီဆီမိုဗာတို့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **အောင်ဇော်**

## သဃ်န်းကျွန်းမြို့နယ်၌ အခြေခံစာရင်းရေး စာရင်းကိုင်သင်တန်းဖွင့်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစု လီမိတက်တို့ ပူးပေါင်းဆောင်ရွက်သည့် အခြေခံစာရင်းရေး စာရင်းကိုင်သင်တန်းဖွင့်ပွဲကို ဇွန် ၈ ရက်က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ဦး ဆုတောင်း



ပြည့် စေတီမွှာရုံ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့ကြသည်။

အဆိုပါသင်တန်းကို ဇွန် ၁၂ ရက်အထိ ငါးရက် သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားသင်တန်းသူ ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်ဆက်)**

## ရေနံချောင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**ရေနံချောင်း ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ယမန်နေ့က စိန်ပန်းပင်ကျေးရွာအုပ်စုမှ တောင်သူ ၉၁ ဦး၏ သီးနှံစုံဧက ၆၀၈ ဧကအတွက် ငွေကျပ် သိန်း ၁၅၂၀ ကို တောင်သူများလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့သည်။

**ထုတ်ချေးပေး**

ရေနံချောင်းမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ



၁၂ ရက်မှ စတင်ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စု (၅)အုပ်စုမှ ယခင်နှစ်ချေးငွေပြေကျေစွာ ပြန်လည်ပေးဆပ်ပြီးသည့် တောင်သူ ၄၉၇ ဦး၏ သီးနှံစုံဧက ၂၉၄၆ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ စုစုပေါင်းငွေကျပ် ၇၃၆၅ သိန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

**စိုးကြီး(ပြန်/ဆက်)**

ပညာရွှေအိုး
လူမခိုး

ပညာ
ရဲရင့်
ပွဲလယ်တင့်



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ်ဦးစီးမှူးရုံးက အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကောက်ယူခြင်းကို လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၈ ရက်က သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ထန်းနှစ်ပင်အမကမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်က ပေးအပ်စဉ်။ သန်းဝင်း(သန်လျင်)

*စာမျက်နှာ ၁၆ မှ*

စက်မှုဖွံ့ဖြိုးရေး၊ ပြည်သူ့ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးတိုးတက်မှုတို့ကို အထောက်အကူပြုပါသည်။

**၆။ ကမ္ဘာ့အဆင့်သတ်မှတ်ချက်နှင့် တက္ကသိုလ်ဂုဏ်သတင်းမွေးနေခြင်း။** တက္ကသိုလ်များ၏ နာမည်ကျော်ကြားမှုသည် သုတေသနအရည်အသွေး၊ နိုင်ငံတကာသုတေသနစာတမ်းများ ထုတ်ဝေမှု၊ နိုဘယ်ဆုရရှိသူများ၊ တက္ကသိုလ်ဘွဲ့ရများက အလုပ်အကိုင်ရရှိနိုင်မှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့အပေါ် မူတည်သည်။ ဥပမာ- ကျူအက်စ် ကမ္ဘာ့အဆင့်သတ်မှတ်ခြင်း (QS World University Rankings) တိုင်းအဆင့်မြင့်ပညာရေး (THE-Times Higher Education)တို့သည် ကမ္ဘာ့တက္ကသိုလ်များကို အဆင့်သတ်မှတ်ပေးကြသည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးပါမှု။** မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဘက်စုံသင်တက္ကသိုလ်များသည် ကျွမ်းကျင်လုပ်သား၊ ပညာရှင်အင်အား ထုတ်ပေးနိုင်ခြင်း၊ အစားအစာလုံခြုံရေး၊ စိုက်ပျိုးရေး နည်းပညာတိုးတက်ရေး၊ ဆရာနှင့် သုတေသနပညာရှင်များ မွေးထုတ်ပေးနိုင်ခြင်း၊ စက်မှုဖွံ့ဖြိုးရေး၊ ရာသီဥတုလိုက်လျောညီထွေမှု၊ နိုင်ငံ၏ ဆန်းသစ်တီထွင်မှုစနစ် အားကောင်းလာနိုင်ခြင်းတို့အတွက် အလွန်အရေးကြီးပါသည်။

**ကြုံတွေ့ရသော စိန်ခေါ်မှုများ။** ဘက်စုံသင်တက္ကသိုလ်များ တည်ထောင်ရာတွင် ဘဏ္ဍာငွေမလုံလောက်မှု၊ ဦးနှောက်ယိုစီးမှု၊ သုတေသနအခြေခံအဆောက်အအုံများ အားနည်းမှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနည်းခြင်း၊ ခေတ်မီဓာတ်ခွဲခန်းများ တည်ထောင်ပေးနိုင်မှု၊ ဒီဂျစ်တယ်နည်းပညာအားနည်းမှုနှင့် စီးပွားရေးဖိအားများကို ကြုံတွေ့ရနိုင်ပါသည်။ ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ဗဟိုချုပ်ကိုင်မှုကို လျှော့ချသောစနစ်နှင့် တက္ကသိုလ်ဆီးနိတ်/ကောင်စီကဲ့သို့ လွတ်လပ်သောအဖွဲ့အစည်းများက ကြပ်မတ်ထိန်းကျောင်းပေးသည့် တက္ကသိုလ်ပုံစံသာ ဖြစ်ရပါမည်။

**စာရေးသူ၏ အတွေး**

အနာဂတ်တွင် ဘက်စုံသင်တက္ကသိုလ်များသည် ဒီဂျစ်တယ်ပညာရေး၊ ဉာဏ်ရည်တု အခြေပြုလေ့လာရေး၊ ရာသီဥတု အခြေခံသုတေသန၊ ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်သော စိုက်ပျိုးမွေးမြူရေး၊ စိမ်းလန်းလှပသော၊ ပတ်ဝန်းကျင်ပျက်စီးမှု နည်းပါးစေသော တက္ကသိုလ်နယ်မြေများ၊ အွန်လိုင်းဖြင့် နိုင်ငံတကာဆက်သွယ်ရေး၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် တက္ကသိုလ်များပူးတွဲဆောင်ရွက်မှုများသို့ ဦးတည်လာမည်ဖြစ်ပါသည်။

သို့သော် တက္ကသိုလ်အားလုံး တစ်ပြိုင်နက် ဆောင်ရွက်ရန်မလိုဘဲ ယခင်က အရှေ့တောင်အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံ တချို့ကပါ စိုက်ပျိုးရေးနှင့် သစ်တောပညာကို မြန်မာနိုင်ငံသို့ လာရောက်သင်ကြားခဲ့သည့် (၁၉၆၂ ခုနှစ် မတိုင်ခင်က မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ သစ်တောပညာ၊ အာဖရိကနိုင်ငံတစ်ခုမှ စိုက်ပျိုးရေးပညာ မြန်မာနိုင်ငံသို့ လာရောက်သင်ကြားခဲ့သည့်) သမိုင်းမှတ်တမ်းများ ရှိပါသည်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ နေပြည်တော်ရေဆင်းတက္ကသိုလ်များ၊ သုတေသနဌာနများ အစုအဖွဲ့စနစ်များ (နယ်သာလန်နိုင်ငံ ဗာဂန်နိဂန်တက္ကသိုလ်နှင့် သုတေသနများ ပူးပေါင်းပြီး သုတေသနတက္ကသိုလ်ပြုလုပ်သည့်ပုံစံ (Netherland WUR-Wegeningen University & Research Model) စတင်စမ်းသပ် ဆောင်ရွက်ကြည့်လျှင် ဘယ်လိုဖြစ်မလဲ။ (Pilot Project)။ ဒါက စာရေးသူ၏ အတွေးပါ။ ။

## ရေတာရှည်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပန်းချီပြိုင်ပွဲကျင်းပ

**ရေတာရှည် ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့



ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ပန်းချီပြိုင်ပွဲကို ဇွန် ၉ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ ပန်းချီပြိုင်ပွဲတွင် အထက ရေတာရှည်၊ ရွှေကြက်ယက်၊ ဆွာ၊ သာဂရ အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၁၈ ဦးက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငုဝါကျော်နှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ ကြည့်ရှုအားပေးပြီး ဆုရရှိသော ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




## အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေး

**လက်ပံတန်း ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန FDA မှ တာဝန်ရှိသူများသည် ယမန်နေ့က လက်ပံတန်းမြို့နယ် မြို့မဈေးအတွင်း အစားအသောက်များနှင့် အလှကုန်များ ဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းဆောင်ရွက်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ ဦးစီးအရာရှိ ဦးသန်းထွန်းဦးနှင့် အဖွဲ့သည် မြို့မဈေးအတွင်း ရောင်းချနေသည့် အခြေခံစားသောက်ကုန်များကို တားမြစ်ထားသော တာရှည်ခံဓာတုပစ္စည်းများနှင့် ဓာတုဆိုးဆေးများ ပါဝင်ခြင်း ရှိ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တောင်ငူမြို့၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်ရေး အသိပညာပေး

**တောင်ငူ ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ သူနာပြုသင်တန်းကျောင်း သင်တန်းခန်းမ၌ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းစုလှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့သည်။ **ဇော်ကိုကို(တောင်ငူ)**



## မလှိုင်မြို့နယ် အထက(မြို့သစ်)၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်



**မလှိုင် ဇွန် ၁၁**

မိတ္ထီလာခရိုင် မလှိုင်မြို့နယ် အထက(မြို့သစ်)၌ ယမန်နေ့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူ ၄၀ အား နိုင်ငံသားစိစစ်ရေးကတ်နှင့်UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် အဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဇော်မင်း(မလှိုင်)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၁**

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ်၊ ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ သတင်းစဉ်

## မုံရွာမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**မုံရွာ ဇွန် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သလ္လာဝတီခန်းမ၌ မြို့ နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးရာ မုံရွာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ကျောင်းသား ကျောင်းသူ ၈၅ ဦးအား



နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဒလမြို့၌ ရေစီးရေလာကောင်းမွန်ရေး လူထုလှုပ်ရှားမှု ဆောင်ရွက်မည်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ညောင်ကုန်းရပ်ကွက် ဓမ္မာရုံ၌ ယနေ့နံနက်က ရေစီးရေလာကောင်းမွန်ရေး လှုပ်ရှားမှု ဆောင်ရွက်၍ အသိပညာပေး ဟောပြောပွဲကျင်းပရာ မြန်မာ ဒေါင်းဆင်ဒရုန်း အသင်းဥက္ကဋ္ဌ ဒေါ်မာလာဖြူက ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ရပ်ကွက်အတွင်း လူထုလှုပ်ရှားမှုတွင် ပါဝင်တာဝန်ယူကြမည့်သူများအချင်းချင်း မိတ်ဆက်ခြင်းနှင့် အပိုင်အဖွဲ့များအလိုက် စာရင်းရေးသွင်းခြင်း၊ "ရေမြောင်းပုပ်ရေ အိမ်တွင်းဝင်ခြင်းမှ ကာကွယ်ရေး"ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ရပ်ကွက်သူရပ်ကွက်သားများ၏ အခက်အခဲများကို နားထောင်ဖလှယ်ခြင်းနှင့် ရေမြောင်းတွင်း အမှိုက်မပစ်ရေး အတူတကွ ကတိကဝတ်ပြုခြင်းတို့ ပြုလုပ်ကြသည်။

ညောင်ကုန်းရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်ရေး လူထုပါဝင်လှုပ်ရှားမှုအဖြစ် ဇွန် ၁၂ ရက် နံနက် ၈ နာရီတွင် ရပ်ကွက်အတွင်း ပိတ်ဆို့ရေမြောင်းများအား ဆယ်ယူရှင်းလင်းကြမည် ဖြစ်သည်။ **မောင်ယဉ်ဦး(ဒလ)**



## မြင်းခြံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ဆောင်ရွက်


**မြင်းခြံ ဇွန် ၁၁**

မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့နံနက်တွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Card များ ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID Card များ ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ချစ်ဦးနွေ(မြင်းခြံ)**

## ဝေါမြို့နယ်၌ ဇီဝမြေဩဇာ ထုတ်လုပ်နည်းသရုပ်ပြ

**ဝေါ ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ဒေသခံတောင်သူများအား ဇီဝမီးသွေးမြေဩဇာထုတ်လုပ်နည်း လက်တွေ့ပြသခြင်းကို တောင်သူဦးမြင့်ဝင်း၏လယ် ၁၃ ကေတွင် ယနေ့ နံနက်က ပြုလုပ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မိုးထိုက်က ဇီဝမီးသွေးမြေဩဇာလုပ်နည်း အဆင့်ဆင့်၊ လိုအပ်သည့်ပစ္စည်းများ ထည့်သွင်းအသုံးပြုသုံးစွဲမှုနှင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေး ပြောကြားပြီး ရေဆင်းပေါ်ဆန်းတစ်ဧက ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်



မှုကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ကြည့်ရှုအားပေးခဲ့သည်။ **အာကာ (ပြန်/ဆက်)**

**သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး**

## လျှောက်ထားမှုကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ကရင်ပြည်နယ်တရားလွှတ်တော်၌ ၂၀၂၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၁၁

၁။ ဦးရဲအောင်ထူး နှင့် ၁။ Ever Flow River Trading
၂။ ဒေါ်ခိုင်ဝေဝေလွင် Company Limited (၎င်းကိုယ်စား အထွေထွေမန်နေဂျာဒေါ်သန်းသန်းမွန်)
၂။ ဦးသီဟအောင်

**(လျှောက်ထားသူများ)** **(လျှောက်ထားခံရသူများ)**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်စွဲပါ ဘားအံခရိုင်တရားရုံးတော်၏ တရားမကြီးမှုအမှတ် ၂၇/၂၀၂၅ အမိန့်ကို ပြင်ဆင်မှုလျှောက်ထားမှုနှင့်ပတ်သက်၍ ပြင်ဆင်မှုလျှောက်ထားခံရသူ (၂) ဦးသီဟအောင်၊ သာမည၊ ဝဲကရင်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ် (ယခုနေရပ်လိပ်စာမသိသူ) သိရှိစေရမည်။

ဤအမှုတွင် ဘားအံခရိုင်တရားရုံးတော်က ချပေးသည့်အမိန့်ကို လျှောက်ထားသူများက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတွင် မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုတရားမပြင်ဆင်မှု လျှောက်ထားမှုကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ( ၉ ) ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆုတ် ၁၀ ) ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေက ဖြစ်စေ (သို့မဟုတ်) သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇွန် လ ( ၉ ) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( ခင်သန္တာညွန့် )
လက်ထောက်ညွှန်ကြားရေးမှူး
ကရင်ပြည်နယ်တရားလွှတ်တော်

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## လားရှိုးခရိုင်တရားရုံးတော်
## ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် –၄၂နှင့် ဆက်နွယ်သည့် ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၇

ရိုးမဘဏ်လီမိတက် (၎င်း၏ကိုယ်စားဒေါ်မိုးသူ) နှင့် ၁။ ဦးရဲခေါင်ထွန်း ၂။ ဒေါ်နန်းထွေးရင် | အတူနေ လင်မယား

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၆၂ x ၆၃လမ်းကြား၊ ၄၁ x ၄၂ လမ်းကြား၊ နှင်းဆီလမ်းသွယ်၊ အမှတ်–(န–၄/၈၇) နေ ဦးရဲခေါင်ထွန်း နှင့် ဒေါ်နန်းထွေးရင် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်–၄၂ မဟာအောင်မြေခရိုင်တရားရုံးတွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် (ရိုးမဘဏ် လီမိတက် ၎င်း၏ကိုယ်စား ဒေါ်မိုးသူ)က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စား လှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက် ( ၁၃၈၈ ခုနှစ်၊ ဝါဆိုလဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇေယျာဦး)
ဒုတိယခရိုင်တရားသူကြီး
လားရှိုးခရိုင်တရားရုံး

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်သီရိဆွေ ၈/မသန (နိုင်) ၁၄၀၆၃၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူ ဒေါ်သီရိဆွေသည် Eun Ji အမည်ရှိ Facebook အကောင့်နှင့် Eun Ji (@thiriswe983) အမည်ရှိ Tiktok အကောင့်တို့ကိုသာ အသုံးပြုပြီး social media platform များနှင့် ပြင်ပလူမှုပတ်ဝန်းကျင်တို့တွင် ကောင်းသောဂုဏ်သတင်းဖြင့် နေထိုင်လျက်ရှိပါသည်။ သို့သော် ယခုအခါ ကျွန်ုပ် အား လွှဲအပ်ညွှန်ကြားသူ၏ ဂုဏ်သိက္ခာနှင့်အကျိုးစီးပွားတို့ကို ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ အခြေအမြစ်မရှိသော၊ အသရေဖျက်သော၊ နှောင့်ယှက်သော ၊ မှန်ကန် ခြင်းမရှိသော၊ ဂုဏ်သိက္ခာကျဆင်းစေသော စသည့်အကြောင်းအရာများကို comments များ ရေးသားခြင်း၊ ပို့စ် (post) များတင်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နေသူများရှိ ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကိစ္စရပ်များ၊ ပြုလုပ်ရေးသားပြောဆိုမှုများကို ယနေ့မှ စ၍ချက်ချင်း ရပ်တန့်သွားရန်နှင့်ရပ်တန့်ခြင်းမရှိပါက ပြုလုပ်ရေးသားပြောဆိုသူများကို ဖော်ထုတ်၍ သက်ဆိုင်ရာ ဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဆွေ** **ဒေါ်ချစ်ချစ်စံ(LL.B)**
**(၈ /မသန(နိုင်)၁၄၀၆၃၇ )** **တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၀၇၁)**
**အမှတ် – (B – 5 )၊ အခန်း (၂၀၁)၊ မင်းဓမ္မလမ်း၊ (၃) ရပ်ကွက်၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၂၅၈၀၀၁၇၉၇**

## ကျေးဇူးဆပ်ပါမည်

မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ ဘီလမ်း၊ အမှတ်(၅၀)နေ ဦးတင်သန်း ၆/ကစန (နိုင်)၀၂၆၄၆၉ ပိုင်ဆိုင်သော "မျိုးမြတ်ကျော်" ON နံပါတ်(10 2050 )DMA Seal No:C136318၊ "မျိုးမြတ်ငွေး–၁" ON နံပါတ်(100597) DMA Seal No:C136320" "ဟန်အဏ္ဏဝါထွန်း–၃" ON နံပါတ် (100541) DMA Seal No:C136317" ဖော်ပြပါငါးဖမ်းရေယာဉ် (၃)စီး၏ AIS Certificate မူရင်းများ မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၅၀၂၈၀၃၉၀**

## ကျေးဇူးဆပ်ပါမည်

ထားဝယ်မြို့၊ လောင်းလုံးမြို့နယ်၊ ကြက်ယက်တွင်းရွာနေ ဦးအောင်လှ ၆/လလန(နိုင်)၀၅၈၆၉၄ ပိုင်ဆိုင်သော"ဟာသ်ဘိုး" ON နံပါတ် (100759 ) DMA Seal No:C136299 " ဖော်ပြပါငါးဖမ်းရေယာဉ်၏ AIS Certificate မူရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြား ပေးပါရန်။ **ဖုန်း–၀၉–၇၅၀၂၈၀၃၉၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁–၆–၂၀၂၆ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၃) ယာဉ်အမှတ် 81W/39454 ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ကညန၊ ကချင်ပြည်နယ်ရုံး(ဟားခါး) အစား ကညန၊ ချင်းပြည်နယ်ရုံး (ဟားခါး) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁–၆–၂၀၂၆ရက် ထုတ်ဤသတင်းစာ၏ စာမျက်နှာ (၂၁) ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)၏ ယာဉ်အမှတ် 1U/9830 ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်းကြော်ငြာတွင် ဒေါ်ခင်နှင်း အစား ဒေါ်ခင်နှင်းယုဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ယားခြင်း

ယာဉ်အမှတ် 6R/4229 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော် ခရိုင်၊ ကျောင်းကုန်းမြို့၊ အလက ပျားဇလက်ကျေးရွာ Grade–7 မှ စရှာအိုင်ဖန်း၏ မိခင်အမည်မှန်မှာ နန့်စီးဖောင် ၁၄/ကကန(နိုင်) ၁၆၀၈၉၆ ဖြစ်ပါကြောင်း။

**နန့်စီးဖောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ သပုထိုကျေးရွာနေ ဒေါ်မိုးစပါယ် ၃/ဘအန(နိုင်) ၀၁၅၆၃၉ ၏ ဖခင် ဦးကြီးအောင် (ခ)ဦးကြည်အောင်သည် တစ်ဦး တည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော် ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အလက ပျားဇလက်ကျေးရွာ Grade–8 မှ စောအယ်ဘလုဆိုးနှင့် Grade–6 မှ စောအယ်သောဂေးတို့၏ ဖခင်အမည် မှန်မှာ စောသမီး ၁၄/လကန(နိုင်) ၀၉၀၉၄၃ ဖြစ်ပါကြောင်း။

**စောသမီး**

## အမည်ပြောင်း

ဖခင် ဦးကျော်နိုင်ထွန်း ၅/ကလန (နိုင်)၀၃၁၉၂၃နှင့် မိခင် ဒေါ်မေသူ ၅/မရန(နိုင်)၁၅၁၅၈၃ တို့၏သား၊ ပြင်ဦးလွင် မြို့၊ NSP Private School– Grade (3) Red Sea အခန်းမှ မောင်ကောင်းလုလင်အား ယနေ့မှစ၍ မောင်သူရိန်လင်းသစ်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်သူရိန်လင်းသစ်**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၄)၊ အကွက်အမည် စုံခေါင်း မြောက်ကွင်း၊ ဦးပိုင်အမှတ်(၆၄+၆၅) ဧရိယာ (၀ ဒသမ ၂၂၀) ကေကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဒေါ်သူဇာနွယ်မှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လို သူများ ရှိပါက ၂၀၂၆ခုနှစ်၊ ဇူလိုင်လ(၃)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့် တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက် သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော် မောင်နိုင်းနိုင်း ၉/ပဥလ (နိုင်)၀၄၇၅၈၉ ၏ ဖခင်အမည်မှာ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ ဘွဲ့လက်မှတ် နှင့်တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် တို့တွင် ဦးတင်ကိုဟု ဖော်ပြထားပြီး အိမ်ထောင်စု လူဦးရေစာရင်းတွင် ဦးတင်ကိုကိုဟု ဖော်ပြထားပါသဖြင့် ဦးတင်ကို(ခ) ဦးတင်ကိုကိုမှာ လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ သနွှေပင်နဝဒေးရပ်ကွက်၊ အထက (၁) Grade–8 မှ မောင်အောင်ကောင်း မြတ်၏ ဖခင်အမည်မှန်မှာ ဦးအောင် ကျော် ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်**
**၇/ပမန(နိုင်)၁၅၇၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အမှတ်(၂၂)မင်းကြီးညို ရပ်ကွက်၊ အကွက်အမှတ် (၅–အမွေအိမ်)၊ ဦးပိုင်အမှတ်၊( ၇၅–ခ/491/B)၊ ဧရိယာ (၀.၀၄၆)ကေအား ဦးခင်မောင်ဝင်း၊ ဦးမောင်မောင်အေး တို့အမည်ဖြင့် သက်တမ်းတွင်း ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူ ရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ (၁၅) ရက် အတွင်း ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဦးခင် မောင်ဝင်း၊ ဦးမောင်မောင်အေးတို့အား လုပ်ထုံးလုပ်နည်း နှင့်အညီ မြေငှားဂရန် အား ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၂/တိုးချဲ့)၊ သိန်းတစ်ရာလမ်း၊ မြေကွက်အမှတ်(၆၉) ဟု ခေါ်တွင်သော မြေအလျားXအနံ ပေ(၄၀X၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒုအရာခံဗိုလ်ဝင်းမောင် (ငြိမ်း) (၁၂/မဘန(နိုင်)၀၀၃၇၁၉) ထံမှ အရောင်း အဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးထိန်ဝင်း (၁၃/တကန(နိုင်)၂၈၃၁၆၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းသူရဇော်(LL.B)** **ဒေါ်ယမင်းထွေး(LL.B)** **ဦးရဲသီဟ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)**
**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉–၄၅၆၉၉၆၇၇၆၊ ၀၉–၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၄၅) ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် (၁၉၀၈) (ဦးစိန်ဝင်း ပါမစ်အမည်ပေါက်) ပိုင်ဆိုင်သည့် (ပေ၆၀ x ပေ၄၀)မြေနှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့် ရှိကြောင်း ဝန်ခံပြောဆိုပြီး လက်ရှိပိုင်ဆိုင်သူ ဦးရာဂျား (၁၂/သလန(ပြု) ၀၀၀၇၀၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်မြင့် (၁၃/ကခန(နိုင်) ၀၈၆၂၇၈) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက် စာတမ်း အထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးနေမျိုးကြည် LLB, CBL, DBL, DIL**
